မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၃၆)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ကျင်းပ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပသည်။

ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပသည့် နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ဒေါက်တာ စိုင်းမောက်ခမ်း၊ ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်)

စည်းလုံးချစ်ကြည် လက်တွဲညီ ပန်းတိုင်ဆီသို့ချီ

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တောတောင် စသည့် အဖိုးထိုက်တန်သည့် သဘာဝအရင်းအမြစ်သယံဇာတများကို ပိုင်ဆိုင်ထားသည်မှာ ရှေးနှစ်ပေါင်းများစွာကပင် ဖြစ်သည်။ တန်ဖိုးမဖြတ်နိုင်သည့် သဘာဝအရင်းအမြစ်များကို အမှီပြုပြီး ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အတူလက်တွဲ၍ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုအတွင်းရှိ ဒေသအားလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးရေးအတွက် ဖွံ့ဖြိုးမှုနောက်ကျခဲ့သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန် လမ်းပန်းဆက်သွယ်ရေးကို ဦးစားပေးတည်ဆောက်ခဲ့သည်။ လမ်းပန်းဆက်သွယ်ရေးကွန်ရက်များအဖြစ် အရှေ့အနောက်၊ တောင်မြောက် ရထားလမ်းများ၊ ကားလမ်းမကြီးများ၊ တံတားကြီးများကို လက်ယှက်ထိုးတည်ဆောက်ထားသဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ကူးလူးဆက်သွယ်မှု လွယ်ကူခဲ့၍ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲမှု ရရှိစေခဲ့သည်။

နိုင်ငံ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အခြေခံအုတ်မြစ်ဖြစ်သည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရှိမှ ပြည်ထောင်စုကြီးခိုင်မြဲနိုင်သကဲ့သို့ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည်လည်း တည်တံ့ခိုင်မြဲမည်ဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားအားလုံးသည် ဒို့တာဝန်အရေးသုံးပါးဟူသည့် အမျိုးသားရေးမူဝါဒကို အစဉ်စောင့်ထိန်းကာကွယ်နေကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံအတွင်း၌ စည်းလုံးညီညွတ်မှုကိုအခြေခံပြီး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုအသီးအပွင့်များ ဖွံ့ဖြိုးဝေဆာလျက်ရှိနေပြီဖြစ်သည်။ နယ်စပ်တောင်တန်းဒေသများသည် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ပြီး လူမှုစီးပွားဘဝ အခြေတင့် အနေမြင့်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

သို့ဖြစ်ပေရာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီး အခွန့်ရှည်တည်တံ့ရေးအတွက် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် အစဉ်ထာဝရ စည်းလုံးချစ်ကြည်ကာ အနာဂတ်ပန်းတိုင်သို့ လက်တွဲညီညီချီတက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နည်းပညာတက္ကသိုလ်(မန္တလေး) စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၂

နည်းပညာတက္ကသိုလ် (မန္တလေး) ၏ ပဉ္စမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ် ပင်မသုံးထပ်ဆောင်၌ကျင်းပရာ ရှေးဦးစွာ အမျိုးသား သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒ ဆရာဝန်ကြီး ဒေါက်တာခင်စိန်ဝင်းကအမှာစကားပြောကြားပြီး ဒေါက်တာကျော်စိုးက HIV/ AIDS ရောဂါတိုက်ဖျက်ရေးနှင့် ကြိုတင်ကာကွယ်ခြင်းအကြောင်းကို ဆွေးနွေးဟောပြောသည်။ ထို့နောက် နည်းပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာအေးမြင့်က သွေးလှူဒါန်းပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ပဉ္စမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲတွင် အမျိုးသားသွေးလှူဘဏ်မှ နယ်လှည့်သွေးဖောက်မော်တော်ယာဉ်ဖြင့် သွေးများလက်ခံ ဖောက်ယူခဲ့ရာ နည်းပညာတက္ကသိုလ် (မန္တလေး) ကျောင်းသားကျောင်းသူများကစုပေါင်းသွေးလှူဒါန်းကြပြီး သွေးလှူဘဏ်တာဝန်ခံ ဆရာဝန်ကြီး၊ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများက သွေးလှူဒါန်းနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက်ပါမောက္ခချုပ်ဒေါက်တာအေးမြင့်က သန့်စင်သော သွေးအိတ် ၂၉၀ ကို စုပေါင်းပေးအပ်လှူဒါန်းရာ သွေးလှူဘဏ်တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာခင်စိန်ဝင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သွေးလှူဒါန်းပွဲအထိမ်းအမှတ်အဖြစ် အမှတ်တရပစ္စည်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ဝ၄ဝ)

ဟသ်ာတအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဟသ်ာတအသင်း နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကိုမတ်ဇရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၅ လမ်း အမှတ် (၁၈၄-၁၈၆) ရှိ ဟသ်ာတအသင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ သက်ကြီးပူဇော်ပွဲအတွက် အသက်(၈၀)နှင့်အထက် အသင်းဝင်များ အမည်စာရင်းကိုလည်းကောင်း၊ ပညာရည်ချွန်ဆုအတွက် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများစာရင်းကို လည်းကောင်း ဦးတင်ရှိန် ဖုန်း-၅၂၇၃၆၁၊ ဟသ်ာတ ဦးမြင့်ဌေ ဖုန်း-၅၂၂၄၂၈၊ ဦးလှကြည် ဖုန်း-၅၃၄၅၄၈၊ ဒေါက်တာအောင်ဝင်းမောင် ဖုန်း-၀၉-၅၀၀၅၃၃၇၊ ဦးအုန်းလှိုင် ဖုန်း-၀၉-၈၅၈၁၀၅၈၊ အသင်းတိုက်ဖုန်း-၂၀၁၁၄၊ ၃၉၈၇၁၆ နှင့်အမှုဆောင်များထံသို့ ဖေဖော်ဝါရီ ၂၂ ရက် (အင်္ဂါနေ့)နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ကြရန်ဖြစ်ပြီး လှူဒါန်းလိုသူများသည် ကြိုတင်ဆက်သွယ်၍ လည်းကောင်း၊ အစည်းအဝေးနေ့တွင် လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပေ ၆၆၀ × ၁၂ ပေ အရှည်ရှိ ကူမဲမြို့ တောက်ပရစ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၅ ရက်က လက်ထောက် အင်ဂျင်နီယာဦးအောင်ဇော်မင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး မှူဆယ်၌ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မူဆယ် ဖေဖော်ဝါရီ ၁၂

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း၏ တတိယအဆင့်အလုပ်ရုံဆွေးနွေးပွဲကို မူဆယ်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးခန်းမ၌ ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက ကျင်းပရာ မူဆယ်ခရိုင်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိန်လင်းက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ငါးရက်ကြာကျင်းပ

ဆက်လက်ပြီး မူဆယ်မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဆန်းဦးကမြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာလုပ်ငန်းများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲကို ငါးရက်ကြာ ကျင်းပခဲ့ပြီး အဆိုပါဆွေးနွေးပွဲသို့ မူဆယ်မြို့နယ် အတွင်းရှိ မုံးကိုး၊ မန့်ဟီးရိုး၊ ပန်ဆိုင်း(ကြူကုတ်)တို့မှ မြို့နယ်ဦးစီးမှူးများ၊ ဒုတိယဦးစီးမှူး၊ လက်ထောက်ဦးစီးမှူးများ၊ မြေတိုင်း(၄)များ စုစုပေါင်းအင်အား ၂၇ ဦးတက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမက(၁) သာကေတ၏ ပညာရည်ချွန်ဆုပေးပွဲကိုဖေဖော်ဝါရီ ၅ ရက်ကကျင်းပရာ မြို့နယ်အဆင့် သိပ္ပံဘာသာရပ်ထူးချွန် ဒုတိယဆုရရှိသူ စတုတ္ထတန်းမှ မဝင်းယုယုနိုင်အား သာကေတမြို့နယ်ပညာရေးမှူး ဒေါ်ခင်မြင့်ရည် ဆုချီးမြှင့်စဉ်။

(ပညာရေး)

ပလတ်စတစ်ဆန်ခါပိုက်ဖြင့် နွေစပါးပျိုးထောင်နည်း မြို့သစ်မြို့နယ်၌ လက်တွေ့ပြသ

မြို့သစ် ဖေဖော်ဝါရီ ၁၂

မကွေးခရိုင် မြို့သစ်မြို့နယ်၌ ပလတ်စတစ်ဆန်ခါပိုက်ဖြင့် နွေစပါးပျိုးထောင်နည်း လက်တွေ့ပျိုးထောင်ပြသပွဲကို ဖေဖော်ဝါရီ ၃ ရက်က မင်းရပ်အုပ်စု ကွင်းအမှတ် ၂၆၀၈(ခ) ဦးပိုင်အမှတ် ၅၂/၂ တောင်သူဦးသောင်းထိန်၏ လယ်မြေ၌ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မကွေးခရိုင်မန်နေဂျာ ဦးမြင့်ဦး၊ မြို့သစ်မြို့နယ်ဥက္ကဋ္ဌ ဦးတင်နိုင်စိုး၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးဌေးအောင်နှင့်ဝန်ထမ်းများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

လက်တွေ့ပြသ

အဆိုပါ ပလတ်စတစ်ဆန်ခါပိုက်ဖြင့် ပျိုးထောင်ပြသပွဲတွင် ခရိုင်မန်နေဂျာ ဦးမြင့်ဦးက ပလတ်စတစ်ဆန်ခါပိုက်အသုံးပြု၍ စပါးပျိုးထောင်ခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြီး မြို့သစ်မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများက ပလတ်စတစ်ဆန်ခါပိုက်ဖြင့် ပျိုးထောင်နည်းကို လက်တွေ့ပြသခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ကျေးလက်ရေပေးရေးလုပ်ငန်းဖွင့်

ဖားကန့် ဖေဖော်ဝါရီ ၁၂

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဖားကန့်မြို့နယ် နောင်းမီကျေးရွာ ကျေးလက်ရေပေးရေးလုပ်ငန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်တက်ရောက်ပြီး ဖားကန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းနွယ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

❖ *ရှေ့ဖုံးမှ*

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးနှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)



ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ရဲချုပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဧည့်ခံဖျော်ဖြေ

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ မကျင်းပမီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ဧည့်သည်တော်များအား မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့က ပဏ္ဏာမဧည့်ခံတီးလုံးဖြင့်လည်းကောင်း၊ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

ဖျော်ဖြေတင်ဆက်

ညစာစားပွဲအပြီးတွင် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ''ပွဲဦးအလင်္ကာ''အက၊ ''စည်းလုံးညီညာအောင်ကြောင်းဖြာ''အက၊ ''ကမ္ဘာတည်သရွေ့''အက၊ ''ညီညာစေ''အက၊ ''ဖွံ့ဖြိုးဝေဆာပြည်မြန်မာ''အက၊ ''စည်းလုံးစို့လေ သွေးချင်းတို့ပြည်''အက၊ ''အစဉ်အလာကောင်းတဲ့ မြန်မာနိုင်ငံ''အကနှင့် ''ပြည်ထောင်စုရဲ့ ထာဝရအလှ''အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၂-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ဗုဒ္ဓစွမ်းအားဉာဏ်ဆယ်ပါး** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၃)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း -၁၃၀)
၈:၃၅ Emperor Love Concert အကြိုပြင်ဆင်နေမှုများ
၈:၅၀ အထက(၁) ဖြူးမြို့၏ အနန္တဂိုဏ်းဝင်ပူဇာသဘင်
၉:၁၀ ဒေသနာနယဆေးပညာတိုင်းရင်း ဆေးကျမ်းစာအုပ်မိတ်ဆက်ပွဲ
၉:၃၀ Sunday Talk မောင်လူမွေး(မြန်မာမှု)၊ မျိုးမြတ်သူ
၁၀:၀၀ မြန်မာပြည်ရဲ့ ပါရမီ
၁၀:၁၀ ကိုယ်စိတ်နှစ်ပါးအပန်းပြေ ကျန်းမာဖို့ GROHE ဖြင့် ရေချိုးစို့
၁၀:၃၀ ဗီဒီယိုပြခန်း
၁၀:၅၀ ဈေးဝယ်လမ်းညွှန် (ဖူးပွင့်ဝေ Fashion Shop)
၁၁:၁၅ သဘာဝကပေးတဲ့ အကျိုးအာနိသင် **သက်တမ်းရှည်တဲ့ရွှေနှင်းဆီ** (ဒယ်နီယယ်၊ ယုယုနိုင်၊ တွယ်တာလွန်း၊ ချစ်ပြုံး) ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)
၁၁:၅၀ ဟိုတယ်လမ်းညွှန် (HOTEL MAX Chaung Tha Beach)
၁၂:၃၀ အိုမင်းမှုရောဂါများနှင့် Antioxidant
၁:၀၀ **ဗုဒ္ဓစွမ်းအားဉာဏ်ဆယ်ပါး** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ **စကားနပန်း** မနာလိုဖြစ်တာကောင်းတယ်၊ မနာလိုမဖြစ်တာကောင်းတယ်
၃:၂၅ Kid's Show
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း- ၁၃၀)
၄:၄၀ အမိသို့ထွေး၍ ပညာအလင်းတို့ ဖြန့်ဝေရာအမေ့အိမ် အဆင့်မြင့်ပညာရေးဘော်ဒါ
၄:၅၅ FMF Selection
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း -၁၄)
၇:၄၀ ကြည်ညိုသဒ္ဓါပွား ဝိဇ္ဇာတမင်္ဂလာ အခမ်းအနား (ဓမ္မဒူတတောရသာသနာ့ရိပ်သာ)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ -၃၃)
၈:၅၀ သွားမယ်စားမယ် (Zeal Coffee Launge & Restaurant)
၉:၂၀ ပန်းချီပြခန်း (We Love Art)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၁)
၁၀:၁၀ မြန်မာ့လက်မှုအနုပညာ (ထန်းပန်းချီ၊ ကျောက်စီပန်းချီ)
၁၀:၂၅ **Barclays Premier League Bolton Vs Everton**
၁၂:၂၅ Celebrity Profile (Jet Li)
၁၂:၅၀ ကလေးများ၏ ကျန်းမာဖွံ့ဖြိုးရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်သန်း)
၁:၁၅ သက်တံရောင်ကမ္ဘာထဲက TOA Color World
၁:၃၅ စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလားဥဿဖရား) (အပိုင်း-၁)
၂:၀၀ နည်းစနစ်မှန်မှန်ကော်ဖီစိုက်ပျိုးရန်
၂:၂၀ 2D
၂:၃၅ ရွှေတိုင်းမြို့မှ ဂုဏ်တင့်စေရာ ကြိမ်လက်မှုအနုပညာ
၂:၅၀ သာယာလှပတောင်ပေါ် ညောင်ရွှေမှ စမ်းသပ်အောင်မြင် ပုစွန်ကန်ရေပြင်
၃:၁၀ ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော်
၃:၃၀ သုခရိပ်မြုံဂေဟာမှ ပွင့်လန်းနေသောပန်းကလေးများ
၃:၅၅ စကားဝါမြေမှမေတ္တာရှင် ဇီဝိတဒါန အာရောဂျသာလာ သံဃာ့ဆေးရုံ
၄:၁၀ စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မဟာစည်သာသနာ့ရိပ်သာ
၄:၂၀ မေတ္တာသည်သာတတ်စွမ်းနိုင်တာ
၄:၃၅ ပန်းပေါင်းစုံပွင့်ထုံကြိုင်သင်း… မြို့ကျောက်မဲ၏ ဂုဏ်သတင်း
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀:၂၅	Bolton Everton	ESPN (Live)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွက်
(၁၃-၂-၂၀၁၁)ရက်နေ့
နှင့်
(၂၇-၂-၂၀၁၁)ရက်နေ့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး ဆာဖာရီဥယျာဉ်(နေပြည်တော်)ဖွင့်ပွဲအခမ်းအနား တက်ရောက်အမှာစကားပြောကြား

အပန်းဖြေအနားယူ ဗဟုသုတရှာမှီးသူများအတွက် နေရာကောင်းတစ်ခုဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

သစ်တောရေးရာဝန်ကြီးဌာနက တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့် ဆာဖာရီဥယျာဉ် (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် စနာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဥယျာဉ်အဝင်ပလာဇာ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အဝင်မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ရာပြည့်၊ ဗိုလ်ချုပ်ကျော်ဖြိုးနှင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆာဖာရီဥယျာဉ်(နေပြည်တော်)မှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တေးသံရှင်များက ဆာဖာရီဥယျာဉ်(နေပြည်တော်) ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး ဆာဖာရီဥယျာဉ်(နေပြည်တော်) အဝင်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဆာဖာရီဥယျာဉ်(နေပြည်တော်)အဝင်ပလာဇာ၌ တောင်ထန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ထင်ရှားသောပြယုဂ်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် နိုင်ငံတော်ကြီးကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးအဖြစ် ကူးပြောင်းတက်လှမ်းနိုင်အောင် ဘက်စုံကဏ္ဍစုံမှနေပြီး ပြောင်းလဲပြုပြင်အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူလူထု၏ အသိဉာဏ် ပိုမိုမြင့်မားလာပြီး နိုင်ငံတော်၏အကျိုးပြုလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်နှင့် ဘက်စုံ ဗဟုသုတ ရရှိနိုင်စေရန်တို့အတွက် လုပ်ငန်းကဏ္ဍအများအပြားတွင် တိုးတက်မှုများ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့် အနက် ယခုဖွင့်လှစ်မည့် ဆာဖာရီဥယျာဉ် (နေပြည်တော်) သည်လည်း ထင်ရှားသော ပြယုဂ်မှတ်တိုင် တစ်ခုအဖြစ် ပါဝင်နေကြောင်း။

တစ်ဆက်တစ်စပ်တည်း

ယခုဖွင့်လှစ်သော နိုင်ငံတကာအဆင့်မီ ဆာဖာရီဥယျာဉ်(နေပြည်တော်)ကို ငါးလတာအချိန်တိုကာလအတွင်း ပြီးစီးအောင် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ယူ တည်ဆောက်ပေးခဲ့သော (MRT) ကုမ္ပဏီလီမိတက်တို့ကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ ဤဥယျာဉ်၏ တည်နေရာသည် ရန်ကုန်-မန္တလေး ကားလမ်းမကြီးနံဘေး၊ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)နှင့် နက္ခတ်တာရာပြခန်း (နေပြည်တော်)တို့နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိနေသည့်အတွက် အပန်းဖြေအနားယူ၊ ဗဟုသုတရှာမှီးသူများအတွက် အလွန်သင့်လျော်ကောင်းမွန်သော နေရာမွန် တစ်ခုလည်း ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ မြို့တော်ဖြစ်သော နေပြည်တော်ကို ၂၀၀၆ ခုနှစ်မှစတင်ပြီး သန့်ရှင်းသာယာလှပသည့် နိုင်ငံတကာအဆင့်မီ မြို့တော်တစ်ခု၏ ဂုဏ်အင်္ဂါရပ်နှင့်အညီ အရှိန်အဟုန်ဖြင့် တည်ဆောက်ခဲ့ရာတွင် သပ္ပာယ်ကြည်ညိုဖွယ် ကောင်းလှသော ဥပ္ပါတသန္တိစေတီတော်ကြီးနှင့် နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားသည့် ကျောက်မျက်ရတနာပြတိုက်၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်၊ ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)နှင့် နက္ခတ်တာရာပြခန်း (နေပြည်တော်)တို့ကို ဆောင်ရွက်ပြီးစီးခဲ့သည့်အပြင် မကြာခင်ကာလအတွင်း ကမ္ဘာ့အဆင့်မီ အားကစားကွင်း၊ အမျိုးသားစာကြည့်တိုက်၊ ယဉ်ကျေးမှုပြတိုက်၊ စစ်သမိုင်းပြတိုက်၊ ကျောက်မျက်ပြခန်းတို့ကိုလည်း ဖွင့်လှစ်သွားတော့မည်ဖြစ်ကြောင်း၊ ဆာဖာရီဥယျာဉ်(နေပြည်တော်)ကို တည်ဆောက်ဆောင်ရွက်စေခဲ့သည့် နေရာတွင် သီးသန့် အပန်းဖြေနေရာတစ်ခု အဖြစ်သာ ဆောင်ရွက်စေခြင်း မဟုတ်ဘဲ ပြည်သူလူထုအတွက် သွားရေးလာရေး လွယ်ကူပြီး တစ်နေရာတည်း၌ ဗဟုသုတလေ့လာစရာ စုံလင်စွာ ရရှိနိုင်ကာ အေးချမ်းပျော်ရွှင်စွာ အနားယူ အပန်းဖြေနိုင်စေရန်အတွက် ယခင် တည်ဆောက်ထားပြီး ဖြစ်သည့် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၊ နက္ခတ်တာရာပြခန်း (နေပြည်တော်)၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့နှင့် တည်နေရာ တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်စေခဲ့ခြင်း ဖြစ်ကြောင်း။

ဖွဲ့စည်းနိုင်ခဲ့

ဤနေရာတွင် အလျဉ်းသင့်၍ ပြောကြားလိုသည်မှာ မိမိတို့ မြန်မာနိုင်ငံသည် သဘာဝတော၊ တောင်၊ ရေ၊ မြေ သယံဇာတပေါကြွယ်ဝလှပြီး သစ်တောဖုံးလွှမ်းမှုမှာလည်း နိုင်ငံဧရိယာ၏ ၅၀ရာခိုင်နှုန်းခန့်ရှိကာ ဇီဝမျိုးစိတ်ပေါင်းနှစ်သောင်းကျော်ခန့်ရှိပြီး ဇီဝမျိုးကွဲများနှင့် ပေါကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော အပါအဝင် သဘာဝနယ်မြေများကို တိုးချဲ့ဖွဲ့စည်းခဲ့ရာ ယခုအခါ စုစုပေါင်း ၄၃ ခု ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်သကဲ့သို့ မိမိတို့အစိုးရလက်ထက်တွင် ကမ္ဘာပေါ်၌ အကြီးဆုံး ကျားထိန်းသိမ်းရေးနယ်မြေဖြစ်သော ဟူးကောင်းချိုင့်ဝှမ်း ဘေးမဲ့တောကြီးကို ထူထောင်ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ထို့အပြင် သာယာလှပသည့် ရေ၊ မြေ၊ တော၊ တောင် သဘာဝနှင့် ရှားပါးတောရိုင်းတိရစ္ဆာန်များ၊ ရှားပါး ဂေဟစနစ်များကြောင့် မြန်မာနိုင်ငံ၏ ဘေးမဲ့တောနှင့် အမျိုးသား ဥယျာဉ်ခြောက်ခုကို အာဆီယံအမွေအနှစ် စာရင်းဝင်ဥယျာဉ်များအဖြစ် အသိအမှတ်ပြုခြင်းခံရခြင်းသည် မိမိတို့နိုင်ငံအတွက် ဂုဏ်ယူဖွယ်ကောင်းလှကြောင်း။

နေထိုင်ကျက်စား

ဆာဖာရီဥယျာဉ်(နေပြည်တော်)တွင် တိရစ္ဆာန်များ သဘာဝအတိုင်း နေထိုင်သွားလာ ကျက်စားနေမှုကို တွေ့မြင်ရစဉ်။ (သတင်းစဉ်)

သဘာဝဝန်းကျင် ရေ မြေ တော တောင် အစရှိသည့် ဂေဟစနစ် အဖွဲ့အစည်းသည် ၄င်းအပေါ်မှီခို နေထိုင်ကျက်စားလျက်ရှိသော သက်ရှိသတ္တဝါများ၏ ရှင်သန်ဖွံ့ဖြိုးမှုအတွက် အလွန်အရေးပါလှသည့် အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သစ်တော ကဏ္ဍဆိုင်ရာ

စာမျက်နှာ ၅ ကော်လံ ၁ သို့

13-2 (04).pmd 1 2/13/2011, 2:25 AM

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး ဆာဖာရီဥယျာဉ်(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

လမ်းညွှန်မှုများမှာ **"နိုင်ငံရဲ့ အခြေခံသယံဇာတမှာ ရေ၊ မြေ၊ တော၊ တောင်နဲ့ ရာသီဥတု ဖြစ်ကြောင်း၊ တောတောင် ပျက်စီးပါက မြေလည်းပျက်၊ ရေလည်း ပျက်စီးကာ ရာသီဥတု ဖောက်ပြန်လာသဖြင့် သစ်တောများ မပျက်စီးရေးအတွက် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားဖို့"** မီးမောင်းထိုး လမ်းညွှန်ပြောကြားခဲ့ကြောင်း။

ယနေ့ကမ္ဘာကြီး၏ နေရာအနှံ့အပြားတွင် ရာသီဥတုပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် အကျိုးဆက်များကြောင့် သဘာဝ ဘေးအန္တရာယ်များ တွေ့ကြုံခံစားနေကြရပြီဖြစ်ကြောင်း၊ ယခုလိုဖြစ်ပေါ်လာရသည့် အဓိက အကြောင်းအရင်းမှာ လူများအနေဖြင့် သဘာဝဝန်းကျင် အပြန်အလှန် အကျိုးသက်ရောက်နေသည့် ဂေဟစနစ်သဘောတရားကို သဘောပေါက်နားလည်မှု အားနည်းခြင်းကြောင့်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ခဲ့သည့်နေရာတွင် သဘာဝဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယခုလို လိုက်နာဆောင်ရွက်ပါမှ အနာဂတ်တွင် ရာသီဥတု ညီညွတ်မျှတပြီး သာယာလှပ၍ စီးပွားရေးပြည့်စုံသည့် လူနေမှုဘဝကိုရရှိမည်ဖြစ်သည်ကို သတိပြုကြရမှာဖြစ်ကြောင်း။

ယခုဖွင့်လှစ်မည့် ဆာဖာရီဥယျာဉ်(နေပြည်တော်)ကို လာရောက်လေ့လာဗဟုသုတရယူကြခြင်းအားဖြင့် သက်ရှိသတ္တဝါများနှင့် ဝန်းကျင်သဘာဝတို့အကြားဖြစ်တည်နေသည့် ဂေဟစနစ်ကို ကောင်းမွန်စွာသိရှိသွားနိုင်ကြမည့်အပြင် တိရစ္ဆာန်များကို သဘာဝအတိုင်း တွေ့မြင်ကြရပြီး စိမ်းလန်းစိုပြည်အောင် သစ်ပင်မျိုးစုံစိုက်ပျိုးထားမှုကို အခြားပြကွက်များနှင့်အတူ တွေ့မြင်ကြရမည်ဖြစ်၍ နိုင်ငံတော်အတွက် အပန်းဖြေလေ့လာဗဟုသုတရှာမှီးရာ နေရာကောင်းတစ်ခု ပေါ်ပေါက်လာခဲ့ပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ဖွင့်လှစ်သည့် ဆာဖာရီဥယျာဉ်(နေပြည်တော်)ကို ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်သွားကြရန်နှင့် ပြည်သူများကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသွားကြပါဟု ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်က ဆာဖာရီဥယျာဉ် (နေပြည်တော်) တည်ဆောက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် မိမိတို့သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ယခင်ရှိပြီးဖြစ်သည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ တပ်မတော်အစိုးရလက်ထက်တွင် အသစ်ပြန်လည် တည်ဆောက်ဖွင့်လှစ်ခဲ့သော မန္တလေးရတနာပုံတိရစ္ဆာန်ဥယျာဉ်နှင့် ၂၀၀၈ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည့် နေပြည်တော်တိရစ္ဆာန်ဥယျာဉ်တို့ကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း။

ထိန်းသိမ်းမွေးမြူ

ယခုဖွင့်လှစ်မည့် နေပြည်တော် ဆာဖာရီဥယျာဉ်ကို ပြည်သူများ အပန်းဖြေ အနားယူနိုင်ရန်နှင့် မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံအချို့ရှိ တောရိုင်းတိရစ္ဆာန်များ၏ သဘာဝအလျောက်နေထိုင်ကျက်စားမှုများကို တွေ့မြင်ဗဟုသုတရရှိစေရန်၊ ကမ္ဘာနှင့်မြန်မာနိုင်ငံတို့ရှိ ရှားပါး၍ မျိုးသုဉ်းရန် အန္တရာယ်ရှိနေသော တိရစ္ဆာန်အချို့ကို မျိုးဆက်ပြန့်ပွားနိုင်ရေးအတွက် ထိန်းသိမ်းမွေးမြူသွားရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ် သဘောတရားများကို ပြည်သူများအကြား သိရှိနားလည် သဘောပေါက်လာစေရန်တို့ကို ရည်ရွယ်ပြီး တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း။

ဆာဖာရီဥယျာဉ်ကို တည်ဆောက်ခဲ့ရာတွင် အများပြည်သူတို့အနေဖြင့် သွားလာမှုလွယ်ကူပြီး တစ်နေရာတည်းတွင် ဗဟုသုတအမျိုးစုံရရှိ၊ အပန်းဖြေအနားယူနိုင်ရေးဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အရ ရန်ကုန်-မန္တလေး လမ်းမကြီး နံဘေးကပ်လျက်တွင် ယခင်တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ဖြစ်သော နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာပြခန်းတို့နှင့် တည်နေရာအနေအထား ဆက်စပ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလို တည်ဆောက်ခဲ့သည့်အတွက် ယနေ့ကျင်းပသည့် အခမ်းအနားသည် ဆာဖာရီဥယျာဉ် ဖွင့်ပွဲ တစ်ခုတည်းသာမက တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာ ပြခန်း၊ ငါးပြတိုက်၊ ခေတ်မီ ကလေးကစားကွင်းတို့ စုပေါင်းပါဝင်သည့် အပန်းဖြေ Recreation Center တစ်ခုလုံးကိုလည်း တစ်ပေါင်းတည်း ဆက်စပ်ဖွင့်လှစ်လိုက်သော ဖွင့်ပွဲလည်း ဖြစ်ကြောင်း။

စိတ်ဝင်စားဖွယ်ပြသ

ယခုဖွင့်လှစ်မည့် ဆာဖာရီဥယျာဉ်သည် Day Safari အမျိုးအစားဖြစ်ပြီး အကျယ်အဝန်း စုစုပေါင်း ၂၉၁ ဒသမ ၅၂ ဧကတွင် အာရှ၊ ဩစတြေးလျနှင့် အာဖရိက ဆာဖာရီပြကွက် သုံးကွက်ခွဲခြားပြီး တိရစ္ဆာန်အမျိုးအစားပေါင်း ၁၆ မျိုး၊ ၂၀၂ ကောင် ထည့်သွင်းပြသထားခြင်းဖြစ်ကြောင်း၊ ပြသထားသည့် တိရစ္ဆာန်များထဲတွင် တောင်အာဖရိကမှ စင်းလုံးငှားလေးယာဉ်နှင့် တိုက်ရိုက်မှာယူ တင်သွင်းထားသည့် အာဖရိကရှားပါးတိရစ္ဆာန်များလည်း ပါဝင်ကြောင်း၊ တိရစ္ဆာန်များ ပြသရာတွင် သာမန် တိရစ္ဆာန်ဥယျာဉ်များကဲ့သို့ တိရစ္ဆာန်များကို လှောင်အိမ်သွင်းပြသသည့် အနေအထား မဟုတ်ဘဲ ဆာဖာရီများ၏ သဘောသဘာဝအတိုင်း တိရစ္ဆာန်အလိုက်နေထိုင်မှုနှစ်သက်သည့် ပတ်ဝန်းကျင်အနေအထားများ ဖန်တီးတည်ဆောက်ကာ သဘာဝအတိုင်း သွားလာလှုပ်ရှားနေထိုင်သော အနေအထားအတိုင်း စိတ်ဝင်စားဖွယ် ပြသထားကြောင်း၊ ထို့အပြင် အာဖရိကမှ ခြသေ့ဖြူ၊ ကျားဖြူများအပါအဝင် ရှားပါးတိရစ္ဆာန်(၁၀မျိုး) ၅၈ ကောင်ကိုလည်း အမေရိကန်ဒေါ်လာ နှစ်သန်းနီးပါး အကုန်အကျခံပြီး မကြာမီကာလအတွင်း ထပ်မံ ဝယ်ယူထည့်သွင်းပြသရန်လည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း။



ရှင်းလင်းတင်ပြ

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် ဆာဖာရီဥယျာဉ်(နေပြည်တော်) တည်ဆောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နေပြည်တော်ဆာဖာရီဥယျာဉ်ကို ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် သစ်တောရေးရာဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် MRT ကုမ္ပဏီမှ စတင်ပြီး နေ့ရောညပါ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် တည်ဆောက်ခဲ့သည့်အတွက် တည်ဆောက်ရေးကာလ လေးလကျော်တွင် ယခုကဲ့သို့ အဆင့်မီမီ၊ အရည်အသွေးရှိရှိ ခမ်းနားအောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

အထူးအလေးထား

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ယခင်တည်ဆောက်ထားပြီးဖြစ်သော တိရစ္ဆာန်ဥယျာဉ်များ၊ နက္ခတ်တာရာပြခန်းတို့ကိုသာမက ယနေ့ဖွင့်လှစ်လိုက်သည့် နေပြည်တော် ဆာဖာရီဥယျာဉ်တို့ကို အစဉ်အမြဲတိုးတက်သစ်လွင်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေးကို အထူးအလေးထား ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်

ယင်းနောက် ထိုင်းနိုင်ငံ Thai Sawat Import & Export Co.,Ltd. က ဆာဖာရီဥယျာဉ်(နေပြည်တော်)သို့ သစ်ကုလားအုတ်တစ်စုံနှင့် စင်ကာပူသမ္မတနိုင်ငံ Toseva Timber Private Ltd. က နက္ခတ်တာရာပြခန်း (နေပြည်တော်)သို့ ပညာပေး ဇာတ်လမ်းခွေများကို ပေးအပ်လှူဒါန်းကြရာ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရ လက်ဆောင်များကို ပြန်လည်ပေးအပ်သည်။



ဆာဖာရီဥယျာဉ်(နေပြည်တော်)ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ဆာဖာရီဥယျာဉ်(နေပြည်တော်)ကို တာဝန်ယူဆောက်လုပ်ခဲ့သည့် MRT Co., Ltd. မှ အင်ဂျင်နီယာများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ကုမ္ပဏီမှ အင်ဂျင်နီယာချုပ်ထံ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးဗိုလ်မှူးချုပ် မောင်မောင်အေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွှန့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်တို့က ဆာဖာရီဥယျာဉ် (နေပြည်တော်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးက ဆာဖာရီဥယျာဉ် (နေပြည်တော်) အဝင်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဥယျာဉ်ကမွည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စိုက်ပျိုးပေး

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဆာဖာရီဥယျာဉ်(နေပြည်တော်) အဝင်ပလာဇာ၌ တောင်ထန်းပင်ကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက ကံ့ကော်ပင်၊ ရတနာတန်းဝင်ကျွန်းပင်နှင့် တောင်ထန်းပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးနှင့် အဖွဲ့ဝင်များသည် ဆာဖာရီဥယျာဉ်(နေပြည်တော်)အတွင်း လှည့်လည်ကြည့်ရှုကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ နက္ခတ်တာရာပြခန်း(နေပြည်တော်)၊ ငါးပြတိုက်နှင့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဆာဖာရီဥယျာဉ်(နေပြည်တော်)သည် ရန်ကုန်-မန္တလေးမော်တော်ကားလမ်း မိုင်တိုင်အမှတ် (၂၅၇/၀)အနီးတွင် တည်ရှိပြီး ဧရိယာ ၂၉၁ ဒသမ ၅၂ ဧက ကျယ်ဝန်းသည်။

ပြသထား

ဥယျာဉ်တွင် အာရှဆာဖာရီပြကွက်၊ ဩစတြေးလျဆာဖာရီပြကွက်နှင့် အာဖရိကဆာဖာရီပြကွက်တို့ကို ပြသထားပြီး အာရှဆာဖာရီပြကွက်တွင် နွားနောက်၊ ဆတ်၊ ရွှေသမင်၊ ဒရယ်၊ သမင်နှင့် ဒေါင်း၊ ဩစတြေးလျ ဆာဖာရီပြကွက်တွင် Kangaroo နှင့် Wallaby သားပိုက်ကောင်များ၊ အာဖရိက ဆာဖာရီပြကွက်တွင် ခြင်္သေ့၊ ကျား၊ ကုလားအုတ်၊ ဆိတ်သမင်၊ ကြံ့ဖြူ၊ သစ်ကုလားအုတ်၊ ငှက်ကုလားအုတ်တို့ကို ပြသထားသည်။

ဆာဖာရီဥယျာဉ်မှာ အခြားတိရစ္ဆာန်ဥယျာဉ်များကဲ့သို့ တိရစ္ဆာန်များကို လှောင်အိမ်နှင့်လှောင်ကွင်းအတွင်း ပြသထားခြင်းမျိုးမဟုတ်ဘဲ တိရစ္ဆာန်များ သဘာဝအတိုင်းနေထိုင်သွားလာကျက်စားနေမှုကို တွေ့မြင်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

ဥယျာဉ်ကြီးကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြို့သန့်ရှင်းသာယာလှပရေး လှိုင်လင်၌ ဆောင်ရွက်

လှိုင်လင် ဖေဖော်ဝါရီ ၁၂

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဗိုလ်ချုပ်လမ်းတစ်လျှောက် သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် လမ်းဘေးဝဲယာ ပန်းအလှပင်များ အစားထိုးလဲလှယ်စိုက်ပျိုးခြင်းကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပရာ ဦးစီးအရာရှိ ဦးမျိုးဇော်နှင့်အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးက ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြား

လှိုင်သာယာမြို့နယ်ဥက္ကဋ္ဌ ဦးထိန်စိုး သဝဏ်လွှာဖတ်ကြားစဉ်။ (၀၉၇)

လမ်းမတော်မြို့နယ်ဥက္ကဋ္ဌဦးသိန်းဆင့် သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

တာမွေမြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း သဝဏ်လွှာဖတ်ကြားစဉ်။ (၁၇၁)

ရန်ကင်းမြို့နယ်ဥက္ကဋ္ဌ ဦးဝင်းအောင် သဝဏ်လွှာဖတ်ကြားစဉ်။ (၁၇၀)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မင်း သဝဏ်လွှာဖတ်ကြားစဉ်။
(မြို့နယ် ပြန်/ဆက်)

ပန်းဘဲတန်းမြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးအောင် သဝဏ်လွှာဖတ်ကြားစဉ်။
(မြို့နယ်ပြန်/ဆက်)

စမ်းချောင်းမြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင် သဝဏ်လွှာဖတ်ကြားစဉ်။ (၁၀၃)


အလုံမြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့် သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

ကြည့်မြင်တိုင်မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ရဲသွေး သဝဏ်လွှာဖတ်ကြားစဉ်။ (၁၆၄)

လှည်းကူးမြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကို သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

ရွှေပြည်သာမြို့နယ်ဥက္ကဋ္ဌ ဦးညီညီအောင် သဝဏ်လွှာဖတ်ကြားစဉ်။
(မြို့နယ် ပြန်/ဆက်)

မင်္ဂလာဒုံမြို့နယ်ဥက္ကဋ္ဌ ဦးငြိမ်းထွေး သဝဏ်လွှာဖတ်ကြားစဉ်။
(မြို့နယ်ပြန်/ဆက်)

ပြည်ထောင်စုနေ့သဝဏ်လွှာ အမြို့မြို့ အနယ်နယ်၌ဖတ်ကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၂

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားများကို အမြို့မြို့အနယ်နယ်တွင် ဖေဖော်ဝါရီ ၁၂ ရက် နံနက်က ကျင်းပခဲ့ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို-

တာချီလိတ်မြို့ ဘုရင့်နောင်မင်းတရားကြီး ရုပ်တုရင်ပြင်တွင် ခရိုင်ဥက္ကဋ္ဌဦးသက်လွင်က လည်းကောင်း(၀၆၀)၊ မအူပင်မြို့ လွှတ်လပ်ရေးကျောက်တိုင်ကွင်းတွင် ခရိုင်ဥက္ကဋ္ဌ ဦးအေးသောင်းကလည်းကောင်း(၀၆၈)၊ မြင်းမူမြို့နယ်ရုံးရှေ့ရင်ပြင်တွင် မြို့နယ်ဥက္ကဋ္ဌဦးဗိုလ်အောင်မောင်မောင်က လည်းကောင်း (၀၇၉)၊ မိုးညှင်းမြို့ လွှတ်လပ်ရေးကျောက်တိုင်ကွင်းပြင်တွင် ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်စိုးက လည်းကောင်း(၀၆၃)၊ ကလောမြို့နယ်တွင် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်ကလည်းကောင်း(၀၇၀)၊ ကြံခင်းမြို့နယ် စည်ပင်သာယာကျောက်တိုင်ကွင်းတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်းကလည်းကောင်း(၀၆၉)၊ တွံတေးမြို့နယ် လွှတ်လပ်ရေးကျောက်တိုင်ကွင်းတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းဇော်ဟန်က လည်းကောင်း(၁၀၅)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရုံးတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလှဖေကလည်းကောင်း(၀၈၁) အသီးသီး ဖတ်ကြားခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

အားကစားဖောင်ပိတ်သတင်း

မြင့်မောင်စိုး ➤ ရေးသားသည်

လန်ဒန် ဖေဖော်ဝါရီ ၁၂

ဘောလုံးပရိသတ်များ စိတ်ဝင်စားနေတဲ့ ပရီမီယာလိဂ်ပွဲစဉ်(၂၇) ပြိုင်ပွဲတွေကို ဖေဖော်ဝါရီ ၁၂ ရက် ညပိုင်းမှာ ကစားခဲ့ကြတဲ့အခါ မန်ယူက အိမ်ကွင်းမှာ မန်စီးတီးကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး တစ်ပွဲလျော့ ၅၇မှတ်ဖြင့် အမှတ်ပေးဇယားမှာ ဆက်လက်ဦးဆောင်နေပါတယ်။ ဒီနောက်မှ အာဆင်နယ်က ၅၃မှတ် ရထားပါတယ်။

ဒီပွဲမှာ မန်ယူက အိမ်ကွင်းဖြစ်ပေမယ့် ခံစစ်နဲ့ကစားပြီး မန်စီးတီးကတော့ တိုက်စစ်ကို အားပြုကစားခဲ့တာ တွေ့ရပါတယ်။ သို့ပေမယ့် မန်စီးတီးတိုက်စစ်မှူးတွေဟာ မန်ယူခံစစ်ကို မကျော်နိုင်တာနဲ့ ရတဲ့အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးမချနိုင်တဲ့အတွက် သေချာပေါက် ဂိုးတွေလွဲချော်ခဲ့ပါတယ်။ ပွဲချိန် မိနစ် ၄၀မှာတော့ မန်ယူကွင်းလယ်က ဂစ်ဖြတ်တင်ပေးလိုက်တဲ့ ဘောလုံးကို နာနီက ၁၅ ကိုက်အကွာကနေ ဘယ်ခြေနဲ့ ကန်သွင်းလိုက်လို့ ဦးဆောင်ဂိုးရခဲ့ပါတယ်။ ပွဲချိန် ၆၅ မိနစ်မှာတော့ ဂျိမ်းစ်မီနာအစားဝင်လာတဲ့ ဒီဇီကို ကန်သွင်းတဲ့ဘောလုံးဟာ ဒေးဗစ်ဆေးလ်ဗားနဲ့ထိပြီး ဂိုးဝင်သွားလို့ မန်စီးတီးတို့ ချေပဂိုး ရလိုက်ပါတယ်။ ပွဲချိန် ၇၈ မိနစ်မှာတော့ မန်ယူတိုက်စစ်မှူးရွန်နေက နောက်ပြန်ကန်ချက်နဲ့ လှလှပပသွင်းယူခဲ့လို့ မန်ယူတို့ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်ပြီး အမှတ်ပေးဇယားမှာ ဆက်လက်ဦးဆောင်နေပြီဖြစ်ပါတယ်။ ။

အခြားပွဲရလဒ်များ

အာဆင်နယ်	၂ - ၀	ဝုလ်ဗာဟမ်တန်
ဘာမင်ဂမ်	၁ - ၀	စတုတ်
ဘလက်ဘန်း	၀ - ၀	နယူးကာဆယ်
ဘလက်ပူးလ်	၁ - ၁	အက်စ်တွန်ဗီလာ
လီဗာပူး	၁ - ၁	ဝီဂန်
ဝက်စ်ဘရွန်း	၃ - ၃	ဝက်စ်ဟမ်း

(အင်တာနက်)

ပိတ်ဆို့မှု၊ ဒေါ်စုကြည်နှင့် NLD

ရန်ကြီးအောင်

မြန်မာနိုင်ငံအပေါ် အနောက်အုပ်စုက စီးပွားရေးပိတ်ဆို့မှုများနှင့် ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) က ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်ကို တွေ့ရသည်။ အင်္ဂလိပ်ဘာသာဖြင့် လေးမျက်နှာ၊ မြန်မာဘာသာဖြင့် ခြောက်မျက်နှာရှိပြီး မြန်မာဘာသာဖြင့်ထုတ်ပြန်ချက်မှာ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်ချက်ကို မြန်မာလို ပြန်ဆိုထားခြင်းဖြစ်ဟန်တူသည်။ အကြောင်းမှာ မြန်မာဘာသာဖြင့် ထုတ်ပြန်ကြေညာချက်၌ ဖတ်ရှု၍ အဆင်မပြေ၊ ထောင့်၍နေသောဝါကျများသည် အင်္ဂလိပ်ဘာသာကြေညာချက်၌ အောက်စဖို့တက္ကသိုလ်ထွက် အင်္ဂလိပ်လူမျိုးတစ်ဦး ရေးသားထားဘိသည့်အလား ချောမွေ့ပြေပြစ်လှသောကြောင့်ဖြစ်၏။ ထို့အပြင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်ထားသည့် ကြေညာချက်တွင်ပါရှိသော စာကြောင်းအချို့မှာ မြန်မာဘာသာဖြင့်ထုတ်ပြန်ရာ၌ ကျန်နေခဲ့သည်ကို တွေ့ရသည်။ (ဥပမာ-အင်္ဂလိပ်ဘာသာဖြင့် ကြေညာချက်စာမျက်နှာ သုံး၏ ဆဋ္ဌမမြောက်စာပိုဒ်၌ "The Participation of a broad spectrum of political forces is essential to the achievement of national reconciliation in Burma" ဟူသော စာကြောင်းမှာ မြန်မာဘာသာ ကြေညာချက်၌ ပါမလာခဲ့ပေ။)

သို့ဖြစ်ရာ ဤထုတ်ပြန်ကြေညာချက်သည် မြန်မာအစိုးရကို တောင်းဆိုခြင်းဖြစ်သည်ဟု ရေးသားထားသော်ငြားလည်း အင်္ဂလိပ်စာကို အသုံးပြုသည့် နိုင်ငံ/အဖွဲ့အစည်းများကို ဦးတည်ရည်ရွယ်ထားပုံရပေ၏။ ထို့အပြင် အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး မကြာမီ ဤထုတ်ပြန်ကြေညာချက် ထွက်ပေါ်လာခြင်းက အချိန်ကိုက်စွာ အတိုင်အဖောက်ညီနေမှုကို ပေါ်လွင်နေစေသည်။

မည်သို့ပင်ဖြစ်စေ NLD ၏ ထုတ်ပြန်ကြေညာချက်သည် များစွာ စိတ်ဝင်စားဖွယ်ကောင်းပေ၏။ ဒေါ်စုကြည် လွတ်လပ်စွာ သွားလာနေထိုင်ခွင့်ရခဲ့ပြီးနောက် မကြာမြင့်မီမှာပင် စီးပွားရေးပိတ်ဆို့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်လေ့လာမည်ဖြစ်ကြောင်း ပြောဆိုမှုများ ထွက်ပေါ်လာခဲ့သည့်အတွက် မြန်မာပြည်သူများအနေဖြင့် မိမိတို့အပေါ် စီးပွားရေးပိတ်ဆို့ထားမှုများ အဆုံးသတ်လေတော့မည်လောဟူသော မျှော်လင့်ချက်များဖြင့် စိတ်အားထက်သန်စွာ စောင့်ကြည့်နေခဲ့ကြလေသည်။

ထိုအတောအတွင်း မြန်မာနိုင်ငံ၏ အိမ်နီးချင်းအာဆီယံနိုင်ငံများကလည်းကောင်း၊ ပြည်တွင်းရှိ တရားဝင် နိုင်ငံရေးပါတီများကလည်းကောင်း၊ အနောက်အုပ်စု၏ စီးပွားရေးပိတ်ဆို့မှုများကို ရုပ်သိမ်းဖယ်ရှားပေးရန် တောင်းဆိုလာခဲ့ကြရာ မြန်မာ့နိုင်ငံရေး ခေတ်ပြောင်းစနစ်ပြောင်း ကာလ၌ မြန်မာပြည်သူတို့၏ မျှော်လင့်ချက်များမှာ ပို၍ပင် ကြီးမားလာခဲ့သည်။

သို့ရာတွင် နေပူကျဲကျဲကွင်းပြင်ထဲမှ အားခဲ၍ အပြေးလာသူကို အရိပ်သို့ မရောက်မီကလေး၌ ရင်ဝကို ခြေစုံကန်ခံလိုက်ရသကဲ့သို့ အတိုင်အဖောက်ညီလှသော အမေရိကန်အစိုးရ၏ ပြောကြားချက်နှင့် NLD ၏ ထုတ်ပြန်ကြေညာချက်တို့က မြန်မာပြည်သူတို့၏ မျှော်လင့်ချက်များကို "ခဲလေသမျှ သဲရေကျ" ဖြစ်သွားရစေလေတော့သည်။

NLD ၏ ထုတ်ပြန်ကြေညာချက်ကို အနှစ်ချုပ်လိုက်ပါက "မြန်မာလူထု၏ စီးပွားရေးအကျပ်အတည်းသည် ပိတ်ဆို့မှုကြောင့်မဟုတ်၊ စီးပွားရေးပိတ်ဆို့မှုကြောင့် အခြေခံလူတန်းစားများအပေါ် ထိခိုက်မှုမရှိ။ စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းပေးရန် နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ နိုင်ငံများ၏ တောင်းဆိုမှုသည် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် တောင်းဆိုနေခြင်းသာဖြစ်သည်။ ငွေကြေးဆိုင်ရာ ပိတ်ဆို့မှုများသည် ငွေမည်းမှငွေဖြူ ပြုလုပ်မှုကို အထိုက်အလျောက် တားဆီးနိုင်သည်။ သဘာဝသယံဇာတရောင်းရငွေကို မသမာသောနည်းဖြင့် ထုတ်မသုံးနိုင်အောင် ကာကွယ်ပေးနိုင်သည်။ အနောက်အုပ်စုက ပိတ်ဆို့မှု ပြုလုပ်ခြင်းမှာ လူ့အခွင့်အရေး ချိုးဖောက်ခြင်းနှင့် ဒီမိုကရေစီကျင့်စဉ်များ ကင်းမဲ့မှုကြောင့်ဖြစ်၍ ပိတ်ဆို့မှုများဖယ်ရှားစေရန်မှာ မြန်မာအစိုးရက လိုအပ်သောပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရမည်။ ပိတ်ဆို့မှုဆိုင်ရာ စည်းကမ်းချက်များကို မည်သည့်အချိန်၊ မည်သည့်အခြေအနေ၌ မည်သို့မည်ပုံ ပြုပြင်မွမ်းမံနိုင်မည်ကို ညှိနှိုင်းဆွေးနွေးရန် အမေရိကန်နှင့် အနောက်နိုင်ငံများကို NLD က တောင်းဆိုသည်" ဟူ၍ ဖြစ်သည်။

ထုတ်ပြန်ကြေညာချက်တစ်ခုလုံးကို ခြုံ၍နားလည်မိသည်မှာ **"ဤပိတ်ဆို့မှုများကို အနောက်နိုင်ငံများက သူတို့သဘောနှင့်သူတို့ ချမှတ်ခဲ့ခြင်းသာဖြစ်သည်။ NLD နှင့်မဆိုင်၊ ဒေါ်စုကြည်နှင့်လည်းမဆိုင်၊ ပိတ်ဆို့မှုများ ဖယ်ရှားလိုလျှင် အနောက်နိုင်ငံများပြောသည့်အတိုင်း လိုက်နာ၍ ပြုပြင်ပြောင်းလဲပါ။ ပိတ်ဆို့မှုများလျှော့ပေါ့ရန်၊ တိုးမြှင့်ရန်၊ ပြောင်းလဲရန်ကိုမူ အနောက်နိုင်ငံများက NLD နှင့် ဆွေးနွေးပါ" ဟု ပြောလိုရင်းဖြစ်သည် ထင်ပါသည်။ ဤအချက်များမှာ စီးပွားရေးပိတ်ဆို့မှုအပေါ် NLD ၏ အမြင်အကျဉ်းချုပ်မှ ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။**

ဤကြေညာချက်နှင့်ပတ်သက်၍ နိုင်ငံခြားမှ လေ့လာသူအချို့က အခြေခံဥပဒေဘောင်ပြင်ပ၌ ရောက်နေသော NLD နှင့် ဒေါ်စုကြည်သည် စီးပွားရေးပိတ်ဆို့မှုကို နိုင်ဖဲတစ်ချပ်အနေဖြင့်ကိုင်ထားကာ နိုင်ငံရေး ကျားကွက်ရွှေ့ခြင်းဖြစ်သည်ဟု သုံးသပ်ကြသည်။

မည်သို့ပင်ဖြစ်စေ NLD က ထုတ်ပြန်ခဲ့သော ဤကြေညာချက်မှာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာဆိုင်ရာ ကိန်းဂဏန်းများကို ကိုးကားဖော်ပြခြင်းဖြစ်၍ ယင်းကြေညာချက်ကို အသေးစိတ် လေ့လာဆန်းစစ်သွားရန် လိုမည်ထင်ပါသည်။

ယခုဆောင်းပါးတွင်မူ NLD ၏ အမြင်အကျဉ်းချုပ်၌ ရှေးဦးဖော်ပြခဲ့သော ပိတ်ဆို့မှုများသည် "မြန်မာနိုင်ငံရှိ မည်သည့်နိုင်ငံရေးပါတီအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ တောင်းဆိုချက်ကြောင့် ချမှတ်ခဲ့ရသည်မဟုတ်" ဟူသောအချက်နှင့်ပတ်သက်၍ ပိတ်ဆို့မှု၊ ဒေါ်စုကြည်နှင့် NLD တို့ သဘောထားများ ဖြစ်ပေါ်ပြောင်းလဲလာမှုကို ဦးစွာ လေ့လာဖော်ပြလိုပါသည်။ သို့မှသာ ယခု ထုတ်ပြန်ကြေညာချက်အထိ ဖြစ်ပေါ်လာသည့် အခင်းအကျင်းကို အခြေခံကျကျ နားလည်နိုင်ပါလိမ့်မည်။

ပထမဦးစွာ တင်ပြလိုသည့် အချက်မှာ ၁၉၈၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ဒေါ်စုကြည်သည် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများပြုလုပ်ရန် ပြင်းပြင်းထန်ထန် တောင်းဆိုခဲ့ပြီး ၂၀၀၂ ခုနှစ်တွင်မူ မည်သည့်နိုင်ငံကိုမျှ ပိတ်ဆို့မှုပြုရန် မိမိတို့တောင်းဆိုခဲ့ခြင်းမရှိပါဟု ပြောင်းလဲပြောကြား ငြင်းဆိုခဲ့ခြင်းဖြစ်၏။

သို့သော် မြန်မာစကား ကောင်းစွာတတ်ကျွမ်းပြီး ၁၉၈၇ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် မစ္စတာ ချိန်ရွှေ့ရှိန် (Mr. Cheng Ruisheng) ရေးသားသော Handling Relation with Myanmar in a Chinese Way ဆိုသည့် ဆောင်းပါးတွင် **"၁၉၈၈ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် ၎င်းအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့ တွေ့ဆုံစဉ် ဒေါ်အောင်ဆန်းစုကြည်က သူမအနေဖြင့် ဗိုလ်ချုပ်ကြီးစောမောင်နှင့် တွေ့ဆုံခွင့်ရရေး တောင်းဆိုထားရာ တွေ့ဆုံခွင့်မရသေးကြောင်း၊ သို့ပါ၍ တွေ့ဆုံခွင့်ရနိုင်ရေး သံအမတ်ကြီးက တိုက်တွန်းဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်နေမှုများကိုလည်း ရပ်ဆိုင်းပေးစေလိုကြောင်းတို့ကို ပြောကြားခဲ့ကြောင်း"** ရေးသားထားသည်ကို တွေ့ရှိရသည်။

ထို့ပြင် ဒေါ်စုကြည်သည် မြန်မာအစိုးရအား စီးပွားရေးနှင့် ကုန်သွယ်ရေးအရ ပိတ်ဆို့သပိတ်မှောက်ကြရန် နိုင်ငံခြားအစိုးရများအား တောင်းဆိုခဲ့ခြင်းကို ၁၉၈၉ ခုနှစ် ဇွန်လ ၄ ရက်နေ့ထုတ် ဗန်ကောက်ပို့စ် သတင်းစာတွင် "Aung San Suu Kyi Calls for trade boycott" ဟူသော ခေါင်းစဉ် စာလုံးမည်းကြီးဖြင့် ထင်ရှားစွာ ဖော်ပြခဲ့ပါသည်။

ယင်းသတင်း၌ ဒေါ်စုကြည်သည် ထိုစဉ်က ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့အား မြန်မာစစ်အစိုးရနှင့် ဆက်ဆံရေး ထူထောင်ရကောင်းလားဟု ဆိုကာ ပြစ်တင်မောင်းမဲမှုများကိုလည်း ဖော်ပြထားသည်။ ထိုအချိန်က ဩစတြေးလျနိုင်ငံသည် မန္တလေး၌ နို့ချက်စီမံကိန်းတစ်ခု တည်ဆောက်ရေးအတွက် အကူအညီပေးရန် ဆောင်ရွက်ခဲ့ရာ ဒေါ်စုကြည်က "ဩစတြေးလျတွေဟာ စစ်အစိုးရနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးထူထောင်ဖို့ လောကြီးလွန်းလှတယ်" ဟူ၍ ဝေဖန်ခဲ့ပြီး "ဖွံ့ဖြိုးပြီးနိုင်ငံတွေထဲက မြန်မာအစိုးရနဲ့ စီးပွားရေးဆက်ဆံမှုလုပ်တဲ့ နိုင်ငံတွေဟာ ဒီမိုကရေစီနဲ့ ဆန့်ကျင်ဘက်မှာ ရှိနေကြောင်း ပြလိုက်တာပဲ" ဟူ၍ အပြစ်တင်ခဲ့သည်။

ဂျပန်နိုင်ငံကို အပြစ်တင်ရာ၌မူ ဩစတြေးလျထက်ပို၍ ပြင်းထန်သည်ဟု ဆိုနိုင်သည်။ "ဂျပန်တွေဟာ လူ့အခွင့်အရေးထက် စီးပွားရေးကို ပိုအလေးထားသင့်တယ်လို့ စဉ်းစားနေတာဟာ အတော်ကြီးကို သနားဖို့ကောင်းတယ်လို့ ကျွန်မ အမြဲတမ်းပြောခဲ့တယ်။ ဂျပန်လို ချမ်းသာတဲ့ နိုင်ငံမျိုးဟာ မြန်မာနိုင်ငံမှာ လအနည်းငယ်လောက် ရှာလိုက်လို့ရနိုင်တဲ့ အမြတ်အစွန်း နှစ်ပြားတစ်ပဲလောက်ကို မက်နေဖို့ မလိုပါဘူး" ဟု ပြောဆိုခဲ့ကြောင်း ထိုသတင်း၌ ဖော်ပြခဲ့သည်။

ဒေါ်စုကြည်၏ ပြစ်တင်မောင်းမဲမှုကြောင့် ထိုစဉ်ကာလတစ်ပိုက်က ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ အခြေခံပညာမူလတန်းကျောင်းများ တည်ဆောက်ပေးမည့် အစီအစဉ်အပါအဝင် အကူအညီအထောက်အပံ့များ ရပ်ဆိုင်းသွားခဲ့ရသည်ကို မှတ်မိပါသေးသည်။ ၁၉၉၅ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့၌ "တွေ့ဆုံဆွေးနွေးရေးနှင့် အလုံးစုံပျက်သုဉ်းရေး ကြိုက်တာကိုရွေး" ဟူ၍ ပြောင်ပြောင်တင်းတင်း စိန်ခေါ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင်လည်း ဒေါ်စုကြည်က နိုင်ငံခြား စီးပွားရေးလုပ်ငန်းကြီးများကို မြန်မာနိုင်ငံ၌ ဒီမိုကရေစီမရမချင်း ရင်းနှီးမြှုပ်နှံမှုမပြုကြဖို့ တိုက်တွန်းခဲ့သေးသည်။

၂၀၀၁ ခုနှစ်သို့ရောက်သောအခါ ဒေါ်စုကြည်သည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဲ့သို့သော စီးပွားရေး ပိတ်ဆို့မှုများကိုသာမက လူသားချင်းစာနာမှု အကူအညီများကိုပါ ပိတ်ပင်တားမြစ်ရန် တောင်းဆိုလာခဲ့သည်။ ၂၀၀၁ ခုနှစ် ဇူလိုင်လထုတ် "Prospect" မဂ္ဂဇင်းမှ ဆောင်းပါးတစ်ပုဒ်တွင် အောက်ပါအတိုင်း ပါရှိခဲ့သည်-

"စုကြည်သည် မြန်မာနိုင်ငံ၌ လာရောက်အခြေစိုက်နေသော NGO အဖွဲ့အစည်းများအထိ ပါဝင်လာအောင် သူမ၏ ပိတ်ဆို့ရေးတောင်းဆိုမှု နယ်ပယ်ကို တိုးချဲ့လာခဲ့သည်။ ယင်းအဖွဲ့များသည် စစ်အစိုးရကို သက်ဆိုးရှည်အောင်လုပ်ပေးနေသည်" ဟု သူမက စွပ်စွဲခဲ့သည်။ "အကူအညီမပေးနဲ့၊ ကုန်မသွယ်နဲ့၊ ရင်းနှီးမြှုပ်နှံမှု မလုပ်နဲ့" ဟူသော စကားလုံးသည် ကြွေးကြော်သံအသစ် ဖြစ်လာသည်။ နိုင်ငံတကာ ပရဟိတဝန်ထမ်းတစ်ဦးက သူ၏ လက်အောက်မှ မြန်မာလူမျိုး ဝန်ထမ်းအချို့ စုကြည်ထံ ဖမ်းဆီးခံရမည့် အန္တရာယ်ကြားမှ အရဲစွန့်၍ သွားရောက်တွေ့ဆုံခဲ့ပုံကို ကျွန်ုပ်တို့အား ပြန်လည်ပြောပြသည်။ ထိုသို့ တွေ့ဆုံရာ၌ ဒေါ်စုကြည်က ယင်းတို့ကို စစ်အစိုးရလက်ကိုင်တုတ်တွေဟု စွပ်စွဲကြိမ်းမောင်းလိုက်သဖြင့် မျက်ရည်များပင် ကျခဲ့ရသည်ဟု ဆိုသည်။ အခြား INGO အဖွဲ့အစည်းတစ်ခုကလည်း မြန်မာနိုင်ငံမြောက်ပိုင်းတွင် HIV ကာကွယ်တားဆီးရေးစီမံချက်တစ်ခု ညှိနှိုင်းလုပ်ဆောင်နေသည့် ကာလအတွင်း နိုင်ငံစုံသံတမန်များအကြား၌ ဒေါ်စုကြည်က ယင်းတို့ကို အရှက်တကွဲ အကျိုးနည်းဖြစ်လောက်အောင် အော်ဟစ်ဆူပူ ကြိမ်းမောင်းခြင်းခံခဲ့ရကြောင်း ပြောပြခဲ့ဖူးသည်။ နောက်တစ်နှစ်တွင် အမ်စတာဒမ်၌ ကျင်းပသည့် အကူအညီပေးရေးဆိုင်ရာ ညီလာခံတစ်ခု၌ ထင်ရှားသော အဖွဲ့အစည်းတစ်ခုမှ ကိုယ်စားလှယ်က "ဒေါ်စုကြည် ထိန်းသိမ်းခံနေရတဲ့ အချိန်တွေကမှ INGO တွေအတွက် လုပ်ရကိုင်ရတာ ပိုအဆင်ပြေသေးတယ်" ဟု စိတ်မကောင်းစွာဖြင့် မှတ်ချက်ပြုခဲ့ကြောင်း မှတ်တမ်းတင်ထားသည်ဟုဆို၏။

သို့ရာတွင် ၂၀၀၂ ခုနှစ် မေလ ၅ ရက်နေ့၌ တားဆီးမိန့် ရုပ်သိမ်းပေးလိုက်ပြီးနောက် မေလ ၆ ရက်နေ့၌ ကျင်းပသည့် သတင်းစာ ရှင်းလင်းပွဲ၌မူ ဒေါ်စုကြည်က "မိမိတို့အနေဖြင့် ပိတ်ဆို့မှုများချမှတ်ရန် မည်သည့်နိုင်ငံကိုမျှ တောင်းဆိုခဲ့ခြင်းမရှိကြောင်း" ပြောကြားသွားခဲ့သည်ကို တွေ့ရသည်။ ယင်းမှာ ပိတ်ဆို့မှုနှင့်ပတ်သက်၍ ဒေါ်စုကြည်၏ ထုတ်ဖော်ပြောဆိုမှုတွင် ထူးခြားသော အပြောင်းအလဲတစ်ရပ်ဖြစ်သည်။

ထိုနောက်ပိုင်းမှစ၍ ဒေါ်စုကြည်နှင့် NLD တို့၏ ပိတ်ဆို့မှုနှင့် ပတ်သက်သည့်မူဝါဒမှာ "ပိတ်ဆို့မှုကို မိမိတို့တောင်းဆိုခဲ့ခြင်းမရှိခဲ့၊ သို့သော် ပိတ်ဆို့မှုအပေါ် ထောက်ခံခြင်းကို ရုပ်သိမ်းမည်မဟုတ်" ဟူ၍ ဖြစ်၏။

၂၀၀၇ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် နိုင်ငံတော်အစိုးရက ကြေညာချက်အမှတ် (၁/၂၀၀၇)ကို ထုတ်ပြန်၍ ဒေါ်စုကြည်အနေဖြင့် ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေးနှင့် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု အပါအဝင် ပိတ်ဆို့မှုအားလုံးချမှတ်ရေး စွဲကိုင်ထားမှုများကို စွန့်လွှတ်ကြောင်း ကြေညာမည်ဆိုလျှင် နိုင်ငံတော်အကြီးအကဲက ဒေါ်စုကြည်နှင့် တွေ့ဆုံမည်ဟု ကြေညာခဲ့သည်။

ယင်းကြေညာချက်နှင့်ပတ်သက်၍ အောက်တိုဘာလ ၆ ရက်နေ့တွင် NLD ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက "ဒေါ်စုကြည် ဘယ်သောအခါကမျှ မကျူးလွန်ခဲ့သော ပြစ်မှုများကို စစ်အစိုးရက ဝန်ခံခိုင်းနေသည်" ဟု သတင်းဌာနများအား ပြောကြားခဲ့သည်။

ဒေါ်စုကြည်သည် ပိတ်ဆို့မှုများကို ချမှတ်စေရန် နိုင်ငံခြားအစိုးရများအား အမိန့်ပေးနိုင်ခြင်းမရှိသည်ကား အမှန်ပင်ဖြစ်ပါ၏။ သို့ရာတွင် ထိုသို့ ပိတ်ဆို့ရန် စိတ်အားထက်သန်စွာ တောင်းဆိုမှုများရှိခဲ့သည်မှာကား မည်သို့မျှ ငြင်းနိုင်ဖွယ်မရှိပေ။

အခြားတစ်ဖက်၌လည်း ဒေါ်စုကြည်ကို မြန်မာ့ဒီမိုကရေစီ၏ အထိမ်းအမှတ်သဖွယ် သတ်မှတ်ထားသော အနောက်နိုင်ငံအစိုးရများအတွက် ပိတ်ဆို့မှုနှင့်ပတ်သက်၍ ဒေါ်စုကြည်၏ သဘောထားသည်သာ အလိုအလျောက် ယင်းတို့၏မူဝါဒ ဖြစ်ခဲ့ရသည်။

ထို့ကြောင့် အနောက်နိုင်ငံအစိုးရတို့၏ ပိတ်ဆို့မှု မူဝါဒ၌ ဒေါ်စုကြည်နှင့် NLD တို့၏ ပယောဂမပါဟု လုံးလုံးဆိုနိုင်ဖွယ် မရှိပေ။ ပိတ်ဆို့မှုများ ဖယ်ရှားရေး မဆိုထားဘိ၊ ပြုပြင်မွမ်းမံမှု ပြုလုပ်ရေးကိုပင် ၎င်းတို့နှင့် တိုင်ပင်ဆွေးနွေးပါဟု NLD က တောင်းဆိုလိုက်သည်မှာ ယင်းတို့ အာဏာမရမချင်း ပိတ်ဆို့ရေးလက်နက်ကို မလွှတ်တမ်း ဆက်လက်စွဲကိုင်ထားမည်ဟူသည့် ယင်းတို့၏ ခေါင်းမာမှုကို ပြသလိုက်ခြင်းသာ ဖြစ်ပေသည်။

သို့သော် ယနေ့ မြန်မာနိုင်ငံ၌ ယင်းတို့ လိုလားပါသည်ဆိုသည့် ဒီမိုကရေစီသို့ ဦးတည်သော ခေတ်သစ်၊ စနစ်သစ်၊ နိုင်ငံရေးအခင်းအကျင်းသစ်များ ထင်ထင်ရှားရှား ဖြစ်ပေါ်နေပြီဖြစ်သည်ကို ဒေါ်စုကြည်နှင့် NLD တို့က သိလျက်နှင့်ဖြစ်စေ၊ မသိစိတ်က လက်မခံနိုင်၍ဖြစ်စေ မျက်စိမှိတ်ကာ အတင်းအဓမ္မ ခြေစုံကန်ငြင်းဆန်ပြီး လမ်းလွဲလိုက်နေဦးမည်ဆိုလျှင် သမိုင်း၏ ဂိတ်ဆုံးသို့ ဦးတည်သွားဖွယ်သာရှိကြောင်း ထောက်ပြသတိပေးရင်း ပြည်သူတစ်ရပ်လုံးနှင့် နိုင်ငံတစ်နိုင်ငံလုံး၏ အကျိုးစီးပွားအတွက် ပြည်သူတို့နှင့်အတူ ဒီမိုကရေစီနိုင်ငံသစ် ထူထောင်ရာ၌ စိတ်ကောင်းစေတနာဖြင့် လက်တွဲပါဝင်ကြစေလိုကြောင်း ဖိတ်ခေါ်လိုက်ရပါသည်။ ။

ဒေါ်စုကြည်သည် ပိတ်ဆို့မှုများကို ချမှတ်စေရန် နိုင်ငံခြား အစိုးရများအား အမိန့်ပေးနိုင်ခြင်းမရှိသည်ကား အမှန်ပင်ဖြစ်ပါ၏။ သို့ရာတွင် ထိုသို့ ပိတ်ဆို့ရန် စိတ်အားထက်သန်စွာ တောင်းဆိုမှုများ ရှိခဲ့သည်မှာကား မည်သို့မျှ ငြင်းနိုင်ဖွယ် မရှိပေ။

✳ ကျောဖုံးမှ

ပူးပေါင်းဆောင်ရွက်ရေး ဟူသည့် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက် (၅)ရပ်နှင့်အညီ အနှစ်သာရ ပြည့်ဝစွာ ကျင်းပသည့် ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ဥပစာရင်ပြင်၌ ကျင်းပရာ ၂၀၁၁

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်မြို့တော်ဝန်၊ ဒုတိယ အကြီးအကဲများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ တပ်နယ်မိသားစုများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း အင်အား ၁၄၀၀ကျော်တို့ တက်ရောက်ကြသည်။

နေရာယူ

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်ကြမည့် ဌာနဆိုင်ရာ ရှိ သတ်မှတ်နေရာများသို့ စနစ်တကျ ဝင်ရောက် နေရာယူကြသည်။

နိုင်ငံတော်အလံလွှင့်

ထို့နောက် နံနက် ၅ နာရီခွဲတွင် ၂၀၁၁ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပေးသည်။



ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှု ကော်မတီဝင်များနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများသည် နံနက် ၅ နာရီမှ စတင်၍ စုရပ်အသီးသီးတို့မှ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမဥပစာရင်ပြင်

ဆက်လက်၍ နံနက် ၇ နာရီတွင် ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကိုကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ)

တက်ရောက်လာကြသူများ

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ၂၀၁၁ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ အစိုးရရုံး အဆောက်အအုံများ၊ မြို့တော်ခန်းမ၊ လမ်းဆုံအဝိုင်းများ၊ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ၌ ရောင်စုံမီးများ လှပစွာ ထွန်းညှိထားကြစဉ်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအားတွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အလံတင် အခမ်းအနားကျင်းပ

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမဥပစာရင်ပြင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ယင်းနောက် ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦး ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အတွင်းရေးမှူး(၁)နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကိုတီးမှုတ်သည်။

ရောင်စုံမီးများ လှပစွာ ထွန်းညှိထား

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ အစိုးရရုံး အဆောက်အအုံများ၊ မြို့တော်ခန်းမ၊ လမ်းဆုံအဝိုင်းများ၊ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများတွင် ရောင်စုံမီးများ လှပစွာ ထွန်းညှိထားကြစဉ်။ (သတင်းစဉ်)

ယင်
မြန်မာနိုင်
သာယာ
ဥက္ကဋ္ဌ
မှ ၂၀၁
ပြည်ထေ
ပေးပို့ေ
ခုနှစ် (၆
နေ့ကျင်း
ဥက္ကဋ္ဌ
သာယာ
အတွင်း
ဦးတင်ေ
အခမ်းအ
သည်။

၂၀၁
ပြည်ထေ
အဖြစ်
အဆော
လမ်းဆုံ
ဝန်ထမ်း
တွင် ရေ
ထားကြ

တောင်ပိုင်းဒေသများ၌ ကွက်

နေပြည်တော် ဖေဖော်ဝါရီ

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်း
လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတ
ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊
ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်
ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီ
သာယာခဲ့သည်။ ညအပူချိန်များမှာ တနင်္သာရီ
ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိ
ဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတ
မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွ
အပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည
တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်း

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ
အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ
ပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်
ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၁၃ ရက် ညနေအထိခန့်မှန်
ဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်
ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတို
ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်န
ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အ
ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အ
ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတ

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ
ဒေသများတွင် နေရာကွက်ကျား မိုးအနည်းင

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက
အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အ

တောင်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့က ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၁၃ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။



ဖတ်ကြား

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှပစွာထွန်းညှိ

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ အစိုးရရုံး အဆောက်အအုံများ၊ မြို့တော်ခန်းမ၊ လမ်းဆုံအဝိုင်းများ၊ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများတွင် ရောင်စုံမီးများ လှပစွာထွန်းညှိထားကြသည်။

(သတင်းစဉ်)

...ျား လှပစွာ ထွန်းညှိထား

...နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ...အစိုးရရုံး အဆောက်အအုံများ၊ မြို့တော်ခန်းမ၊ ...ောင်းများနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ... လှပစွာ ထွန်းညှိထားကြစဉ်။ (သတင်းစဉ်)

...လေးပြု များသည် ပြည်ထောင်စုမြန်မာ ...ပ်ဖွဲ့နှင့် နိုင်ငံတော်အလံအား အလေးပြု ... အခမ်း ကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော် ...ကြသူ သီချင်းကိုတီးမှုတ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို ရေရှည်တည်တံ့ခိုင်မြဲစေရေး ပြည်ထောင်စုစိတ်ဓာတ်စွမ်းအား၊ အမျိုးသားပညာရည်မြင့်မားမှုစွမ်းအားဖြင့် ပေါင်းစည်းမြှင့်တင်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၄၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညီထွန်း တက်ရောက်အမှာစကားပြောကြား၍ ထူးချွန်ဆုများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲသို့ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ အခြေခံပညာ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)သီဟသူရဦးတင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညီထွန်းက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ခြင်းနှင့် တစ်ချိန်တည်းတွင် ဒီမိုကရေစီနိုင်ငံတော်သစ်ကို အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်အဖြစ် မျှော်မှန်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် ပြည်ထောင်စုတစ်ဝန်းရှိ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်နှင့် အချက်အချာကျသည့် ဒေသကြီး (၂၄)ခုကို ဖွံ့ဖြိုးရေးဒေသကြီးများအဖြစ် သတ်မှတ်ခြင်းဖြင့် တစ်နိုင်ငံလုံးနှင့် ဒေသအားလုံးကို လွှမ်းခြုံပြီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခဲ့ကြောင်း။

စီမံဆောင်ရွက်

ယင်းဖွံ့ဖြိုးရေးဒေသကြီးတစ်ခုစီတွင် ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနိုင်ရန် ခုတင် (၂၀၀)ဆံ့ အထူးကုဆေးရုံတစ်ရုံစီနှင့် ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်မည့် လူ့စွမ်းအားအရင်းအမြစ်များကို ဒေသတွင်းမှာပင် စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရန် ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာ တက္ကသိုလ် တစ်ခုစီကို တည်ထောင်ဖွင့်လှစ်ပြီး ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာအောင် စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

အနာဂတ်နိုင်ငံတော်သစ်ကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရည်အချင်း၊ အရည်အသွေး ပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းပကားသည် အဓိက အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသောကြောင့် အနာဂတ်နိုင်ငံတော်သစ်အတွက် လိုအပ်သည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံကောင်းများ၊ ပတ်ဝန်းကျင်ကောင်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပေးနိုင်ရန် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ရေးဆွဲပြီး အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍကို ဟန်ချက်ညီညီဖြင့် ချိတ်ဆက်မိသည့် ပညာရေး လုပ်ငန်းစဉ်များအား နှစ်တို ငါးနှစ်စီမံကိန်းများဖြင့် ပိုင်းခြားဖော်ဆောင်လျက်ရှိကြောင်း။

အမျိုးသားပညာရည်မြင့်မားရေး အနှစ် (၃၀) နှစ်ရှည်စီမံကိန်းကို **"ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဖော်ဆောင်လျက်ရှိရာ အခြေခံပညာကဏ္ဍတွင်-

(၁) နိုင်ငံတော်တွင် ကျင့်သုံးလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံများနှင့် လိုက်လျောညီထွေမှုရှိပြီး နိုင်ငံတကာ ပညာရေး အဆင့်နှင့် ရင်ပေါင်တန်းနိုင်သည့် အခြေခံပညာရေးစနစ် ဖြစ်ထွန်းလာစေရန်။

(၂) နိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းစွာ တတ်မြောက်ပြီး တိုးတက်ပြောင်းလဲလာသည့် သိပ္ပံပညာနှင့် နည်းပညာများ အကူအညီဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ကာကွယ်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်။

(၃) လူမှုစီးပွားရေးကဏ္ဍအသီးသီးတွင် ထိုးထွင်းကြံဆမှုနှင့် တီထွင်ဖန်တီးမှု အရည်အသွေး ပြည့်ဝစွာဖြင့် စွမ်းဆောင်နိုင်သူများ ပေါ်ထွန်းလာစေရန်။

(၄) ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရင့်သန်ခိုင်မာပြီး ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိသည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာစေရန်။

(၅) ကျန်းမာကြံ့ခိုင်ပြီး စာရိတ္တကောင်းမွန်သည့် ဘက်စုံပညာပြည့်ဝသူများ ပေါ်ထွန်းလာစေရန်။

(၆) မိမိဘဝနှင့် လူမှုအဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်နိုင်သည့် ကမ္ဘာ့လူ့ရည်မွန်များ ပေါ်ထွန်းလာစေရန်။

(၇) တစ်သက်တာသင်ယူမှုနှင့် စဉ်ဆက်ပညာရေး (Lifelong Learning and Continuing Education)၏ အကျိုးတရားကို နားလည်လက်ခံပြီး နိုင်ငံတော်နှင့် မိမိဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အစဉ်လေ့လာသင်ယူနေသော အဖွဲ့အစည်းအဖြစ် ပေါ်ထွန်းလာစေရန်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညီထွန်း သင်တန်းသား စံပြဆုရ နွားထိုးကြီးမြို့နယ် တက်စီရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းမှ အလယ်တန်းပြဆရာ ဦးစိုးရွှေအား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

(၈) မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် လေ့လာသင်ယူမှု အခွင့်အလမ်းများ တစ်ပြေးညီရရှိပြီး အသက်မွေးဝမ်းကျောင်းပညာ အခြေခံဖြင့် ရွေးချယ်သင်ယူနိုင်စေရန်။

(၉) အခြေခံပညာကျောင်းများသည် ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု ပင်မဌာနများအဖြစ် ပေါ်ထွန်းလာစေရန်ဆိုသည့် မျှော်မှန်းချက် (၉)ရပ်ဖြင့် ချမှတ်အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ အခြေခံပညာကဏ္ဍ မျှော်မှန်းချက်များကို အောင်မြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် ဆရာ ဆရာမများအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဆိုသည့် အခြေခံသုံးရပ်ကို မဏ္ဍိုင်ပြုပြီး ပညာရေးဆိုင်ရာ အခြေခံကောင်းများ၊ အခွင့်အလမ်းကောင်းများကို ထိရောက်စွာ အသုံးချကြိုးပမ်း သွားကြရမည်ဖြစ်ကြောင်း။

အထူးသဖြင့် အခြေခံပညာ ဆရာ ဆရာမများသည် ကျေးလက်ဒေသများအထိ ဖြန့်ကြက်ပြီး ပြည်ထောင်စုတစ်ဝန်းလုံးမှာ တာဝန်ထမ်းဆောင်နေကြသည့်အတွက် ရရှိဖြစ်ထွန်းနေသော ပညာရေးအခြေခံကောင်းများကို အကျိုးရှိ ထိရောက်စွာ အသုံးပြုနိုင်စွမ်းရှိမှု၊ နိုင်ငံနှင့်လူမျိုးအပေါ်၊ မိမိ၏ ပတ်ဝန်းကျင် အပေါ်၊ မိမိတပည့် ကျောင်းသား ကျောင်းသူများအပေါ် စိတ်စေတနာကောင်း ထားရှိမှု၊ စိတ်ဓာတ်နှင့် အရည်အသွေးမြင့်မားစွာဖြင့် ပညာရေးတာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်မှုတို့သည် ယနေ့ နိုင်ငံတော်၏ ပညာရေးဆိုင်ရာ မျှော်မှန်းချက်များ အောင်မြင်ပြည့်မြောက်ရေးတွင် လွန်စွာ အရေးပါကြောင်း။

နိဂုံးချုပ်အနေဖြင့်-

- အခြေခံပညာကဏ္ဍ မျှော်မှန်းချက်များကို အောင်မြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး ကွက်ပြည့် တည်ဆောက် ဖန်တီးပေးထားပြီး ဖြစ်သည့် ပညာရေးဆိုင်ရာ အခြေခံကောင်းများ၊ အခွင့်အလမ်းကောင်းများကို ထိရောက်စွာ အသုံးချကြိုးပမ်းသွားကြရန်။
- အနာဂတ်နိုင်ငံတော်အတွက် ပဓာနကျသည့် လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပျိုးထောင်နေသည့် အခြေခံပညာ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ မွန်မြတ်သော ပညာရေးဝန်ထမ်းဘဝကို ဂုဏ်ယူမြတ်နိုးမှုနှင့်အတူ ယုံကြည်ချက်၊ ခံယူချက်များ၊ ခိုင်ခိုင်မြဲမြဲထားရှိပြီး စံနမူနာပြ ကြိုးပမ်းအားထုတ်သွားကြရန်။
- အေး ချမ်း သာ ယာ ပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို ရေရှည် တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးစေရန် ပြည်ထောင်စုစိတ်ဓာတ် စွမ်းအား၊ တစ်မျိုးသားလုံး စည်းကမ်းမြင့်မားမှု စွမ်းအားနှင့် အမျိုးသား ပညာရည်မြင့်မားမှုစွမ်းအားများဖြင့် ပေါင်းစည်း မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညီထွန်းက သင်တန်းသား စံပြဆုရ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် တက်စီရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းမှ အလယ်တန်းပြ ကသအမှတ်- အက်(ဖ်)- ၂၁၅ ဦးစိုးရွှေ၊ သင်တန်းသူစံပြဆုရ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံရွာ အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြ ကသအမှတ် - စီ- ၉၄ ဒေါ်မြင့်မြင့်နိုင်၊ သင်တန်းသား ဖွဲလုံ့လဆုရ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် စကားအင်းရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ မူလတန်းပြ ကသအမှတ်- အက်(ဖ်)- ၁၃၉ ဦးအောင်ကျော်ဆန်း၊ သင်တန်းသူ ဖွဲလုံ့လဆုရ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုဂံမျှော်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းပြ ကသ အမှတ်-ဒီ-၉၃ ဒေါ်ခင်နီနှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကဗျူရွာ အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းပြ ကသ အမှတ်-အီး-၂၀၈ ဒေါ်ရီရီချို၊ စံပြအဆောင်ဆုရ သင်တန်းသား တပ်ခွဲ အမျိုးသား အမှတ်(၁) တပ်ခွဲ အဆောင်(၇)နှင့် သင်တန်းသူ တပ်ခွဲ အမျိုးသမီး အမှတ် (၂)တပ်ခွဲ အဆောင်(၅)တို့အား ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းဆင်း တပ်ခွဲအလိုက် တာဝန်ရှိသူများအား အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါ အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄၀)သို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြား

သန်လျင်မြို့နယ်ဥက္ကဋ္ဌ ဦးမိုးနိုင်ထွန်း သဝဏ်လွှာဖတ်ကြားစဉ်။ (၁၀၄)

ညောင်တုန်းမြို့နယ်ဥက္ကဋ္ဌ ဦးခင်မင်း သဝဏ်လွှာဖတ်ကြားစဉ်။ (၀၈၂)

ဗဟန်းမြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း သဝဏ်လွှာဖတ်ကြားစဉ်။ (၁၃၅)

ကမြို့နယ်ဥက္ကဋ္ဌ ဦးလှဝင်းအောင် သဝဏ်လွှာဖတ်ကြားစဉ်။ (၀၆၄)

ဒေါပုံမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးနိုင် သဝဏ်လွှာဖတ်ကြားစဉ်။ (၂၁၁)

ကျောက်တံတားမြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ဇေယျ သဝဏ်လွှာ ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

လယ်ဝေးမြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင် သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

အင်းစိန်မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေ သဝဏ်လွှာဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)


ဆိပ်ကမ်းမြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင် သဝဏ်လွှာဖတ်ကြားစဉ်။(မြို့နယ် ပြန်/ဆက်)

လှိုင်မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်စိုး သဝဏ်လွှာဖတ်ကြားစဉ်။ (၁၂၈)

မြဝတီရုပ်မြင်သံကြား

၁၃-၂-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၈။ မြန်မာသံစဉ် ချိုနှားဝင်
- ၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၀၅ ၄။ အဖွင့်သီချင်း
- ၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၃၁)
- ၁၁:၃၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ခြင်း၏ထူးခြားဖြစ်စဉ်**
- ၁၂:၃၀ ၈။ ကျန်းမာသုတ
- ၁၄:၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၄၁)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၃၀ ၇။ မြန်မာ့ရှုခင်း
- ၄:၅၀ ၈။ မီးသတ်ပေးနှိုးဆော်ချက်
- ၅:၁၀ ၉။ ၂၀၁၁ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ (သင်္ချာ)
- ၅:၁၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ ဘဝကြေးမုံ **နံနက်ကထက်ပိုလှတယ်** ဝါဆိုမိုးဦး၊ ဒေါ်ခင်ခင်ကြီး ဒေါ်အေးအေးမြင့် **(ဒါရိုက်တာ - ဘုန်းမျိုးကျော်)**
- ၆:၅၀ ၁၅။ ဂင်းနက်စ် ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၃၇)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ပဟေဠိနန်းတော်
- ၂၂။ ကျန်းမာသုတ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်၌တည်သောသစ္စာ** (အပိုင်း-၃)
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၂၈)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၂-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အဂ္ဂိဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၀၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၁၅ ၈။ အတီးပြိုင်ပွဲ
- ၈:၂၅ ၉။ **လက်တွေ့ပြချင်လို့**
- ၈:၄၀ ၁၀။ **International News**
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
- ၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၁၆)
- ၁၂:၂၅ ၅။ **Golf Magazine (TV)**
- ၁၂:၅၀ ၆။ မြန်မာရုပ်ရှင် **နေခြည်ဖြာမှန္တေးသောကြောင့်** အောင်လွင်၊ နွဲ့နွဲ့မူ၊ မေယု (ဒါရိုက်တာ- စံရွှေမောင်)
- ၁၄:၄၅ ၇။ အကပြိုင်ပွဲ
- ၁၄:၅၀ ၈။ **International News**
- ၁၅:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၁၀ ၃။ တေးဂီတအစီအစဉ်
- ၄:၂၀ ၄။ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာသင်ခန်းစာ (သင်္ချာဘာသာရပ်)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၆။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၉။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၈)
- ၆:၄၀ ၁၀။ တစ်မျက်နှာတစ်ကွက်စာ **စွဲလမ်းတဲ့စိတ်တွေရယ်** အံ့သစ်ကျော်၊ပုလဲဝင်း၊ ဒေါ်အေးမြင့် (ဒါရိုက်တာ-ဘုန်းမျိုးကျော်)
- ၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၂၂)
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ ကာတွန်းအစီအစဉ် **တောကောင်ငယ်သိုင်းညီနောင်လေးများ** (အပိုင်း-၉၉)
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကွန်ဖူးချစ်သူ** (အပိုင်း-၆)
- ၁၇။ **ရင်လှိုင်းခတ်သံတေးသီဟန်**
- ၁၈။ အစီအစဉ်ပြီး၏။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်ပိုင်အဆောက်အအုံများရောင်းချရေးကော်မတီ
အဆိုပြုလွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ပိုင်အဆောက်အအုံများရောင်းချရေးကော်မတီမှ မြေနှင့် အဆောက်အအုံအခု(၈၆)ခု၊ တိုက်ခန်း (၄၅)ခန်းနှင့် မြေကွက်(၂၆)ကွက် စုစုပေါင်း (၁၅၇)ခုတို့ကို ရောင်းချမည်ဖြစ်ပါသည်-

၂။ **အဆိုပြုလွှာစည်းကမ်းနှင့်လျှောက်လွှာပုံစံ ရောင်းချမည့်နေ့ရက်နှင့်နေရာ** - ၁၆-၂-၂၀၁၁ ရက်မှစ၍ ၂၄-၂-၂၀၁၁ ရက်အထိ ရုံးချိန်အတွင်း
- နိုင်ငံတော်ပိုင်အဆောက်အအုံများ ရောင်းချရေးကော်မတီ၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်။

၃။ **အဆိုပြုလွှာတင်သွင်းရမည့်နေရာ** - နိုင်ငံတော်ပိုင်အဆောက်အအုံများရောင်းချရေးကော်မတီ၊ရုံးအမှတ်(၃၂)၊နေပြည်တော်။

၄။ **အဆိုပြုလွှာတင်သွင်းရမည့်နေ့ရက်နှင့်အချိန်** - ၂၄-၂-၂၀၁၁ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၅။ အသေးစိတ်သိလိုပါက ဤကော်မတီရုံး၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) တယ်လီဖုန်းအမှတ် ၀၆၇-၄၀၆၃၃၉ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

နိုင်ငံတော်ပိုင်အဆောက်အအုံများရောင်းချရေးကော်မတီ၊
ရုံးအမှတ်(၃၂)၊ နေပြည်တော်။

မှတ်ချက်။ ။ အတိုင်းအတာအကျယ်အဝန်း အပြောင်းအလဲနှင့် ပယ်ဖျက်ခြင်းကိစ္စရပ်များကို ရုံးအမှတ် (၃၂)၊ နေပြည်တော်၏ ကြော်ငြာသင်ပုန်း/နံရံတွင် ဖော်ပြထားမည်ဖြစ်ပါသည်။

နိုင်ငံတော်ပိုင်အဆောက်အအုံများရောင်းချရေးကော်မတီ
မြေနှင့်အဆောက်အအုံအခု (၈၆)

စဉ်	တည်နေရာ	အကျယ်အဝန်း	
		မြေ	အဆောက်အအုံ
၁	၂	၃	၄
	ဇဟန်းမြို့နယ်		
၁	အမှတ်(၂၅၃)၊ ဓမ္မစေတီလမ်း၊ (မြေနှင့်အဆောက်အအုံ ၁၃လုံး)	၂.၉၉၉ဧက	ပေ၈၀×ပေ၈၀ ပျဉ်ထောင်နှစ်ထပ် ဆ/ဦ(၁)လုံး တစ်ထပ် သိုလှောင်ရုံ(၃)လုံး နှစ်ထပ် ဝန်ထမ်းအိမ်ရာ(၄)လုံး တစ်ထပ် ဝန်ထမ်းအိမ်ရာ(၅)လုံး
၂	ကာဝပ်ဂျီဝန်ထမ်းအိမ်ရာ အမှတ်(၁၅)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ အဆောက်အအုံ(၅)လုံး	Plot-1 ၀.၆၁၅ဧက၊ (၂၆၇၈၉.၄)စ/ပေ Plot-2 ၁.၀၄၉ဧက (၄၅၆၉၄.၄၄)စ/ပေ	R1(၇၅ပေ×ပေ၅၀)နှစ်ထပ် တိုက်(၁)လုံး R2(၇၅ပေ×ပေ၅၀)တစ်ထပ်တိုက် (၁)လုံး၊ R3(၇၅'×၅၀') တစ်ထပ်တိုက်(၁)လုံး R4(၃၀'×၂၅')တစ်ထပ်တိုက်(၁)လုံး သွပ်မိုး၊ပျဉ်ကာ၊ကွန်ကရစ်ခင်း ဂိုဒေါင်(၁)လုံး
၃	အမှတ်(၉/င)၊ဗိုလ်ချိုလမ်း၊ (မြေနှင့်အဆောက်အအုံ ၃လုံး)	(၀.၅၇၀)ဧက	(၃၆ပေ×၃၆ပေ)သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း ဆ/ဦ(၁)လုံး (ပေ၁၁၀×ပေ၁၄၀)RC(၂)ထပ် ဆ/ဦ(၁)လုံး (ပေ၇၀×၁၃၄ပေ)RCနှစ်ထပ် ဆ/ဦ(၁)လုံး
၄	အမှတ် ၉၄၊ နတ်မောက်လမ်း၊ (မြေနှင့်အဆောက်အအုံ ၄လုံး)	၁.၉၀၆ဧက	ငါးထပ်တိုက်သစ်တစ်လုံး ပေ၇၀×ပေ၄၀နှစ်ထပ်ဂိုဒေါင်(၁)လုံး ပေ၁၂၀×ပေ၃၀နှစ်ထပ်ဂိုဒေါင်(၁)လုံး ပေ၂၀×၁၃ပေ(၁)ထပ်ဂိုဒေါင်(၁)လုံး
၅	အမှတ်၆၇၊ရွှေတောင်ကြားလမ်း (မြေနှင့်အဆောက်အအုံ ၁ လုံး)	ပေ၁၇၄×ပေ၁၆၀	(ပေ၃၀×၂၅ပေ) သွပ်မိုးနှစ်ထပ် ဆ/ဦ (၁)လုံး
၆	အမှတ်(၆၂-က)၊ ရွှေတောင်ကြားလမ်း (မြေနှင့်အဆောက်အအုံ ၁လုံး)	၀.၆၃၂ဧက	ပေ၃၀×၂၅ပေသွပ်မိုးနှစ်ထပ် ဆ/ဦ(၁)လုံး
၇	အမှတ် ၄၄၊ ကိုယ့်မင်းကိုယ်ချင်းလမ်း (မြေနှင့်အဆောက်အအုံ ၁လုံး)	၀.၆၄ဧက	၉၂ပေ×၅၃ပေRC နှစ်ထပ် ဆ/ဦ(၁)လုံး
၈	အမှတ် ၇၄၊ တက္ကသိုလ်ရိပ်သာလမ်း (မြေနှင့်အဆောက်အအုံ ၁လုံး)	ပေ၃၅၀×ပေ၃၂၀	၅၇ပေ×၅၃ပေအုတ်ကြွပ်မိုးနှစ်ထပ် ဆ/ဦ(၁)လုံး
၉	အမှတ်၄၅၊ ရွှေတောင်ကြားလမ်း၊ (မြေနှင့်အဆောက်အအုံ ၁လုံး)	၁.၁၀၈ဧက	(ပေ၆၀×ပေ၃၀)နှစ်ထပ် ဆ/ဦ(၁)လုံး
	အလုံမြို့နယ်		
၁၀	အမှတ် ၉၇၊ နှင်းဆီကုန်းလမ်း၊ (မြေနှင့်အဆောက်အအုံ ၁လုံး)	၀.၄၀၉ဧက	ပေ၄၀×ပေ၄၀ နှစ်ထပ်ဆ/ဦ(၁)လုံး
၁၁	အမှတ် ၇၉၊ ဗဟိုလမ်း၊ (မြေနှင့်အဆောက်အအုံ ၁လုံး)	ပေ၂၇၀×ပေ၂၀၀	၇၈ပေ×၇၁ပေ နှစ်ထပ်သွပ်မိုး၊ အုတ်တိုက်+ပျဉ်ကာဆ/ဦ(၁)လုံး
၁၂	အမှတ် ၈၁၊ ဗဟိုလမ်း၊ (မြေနှင့်အဆောက်အအုံ ၁လုံး)	ပေ၂၇၀×ပေ၂၁၀	၈၈ပေ×ပေ၆၀ နှစ်ထပ်သွပ်+ ကျောက်ပြားမိုး၊ အုတ်တိုက်၊ လုံးချင်း(၁)လုံး
၁၃	အမှတ်၈၃၊ ဗဟိုလမ်း၊ (မြေနှင့်အဆောက်အအုံ ၁လုံး)	ပေ၂၅၀×ပေ၂၃၀	၇၈ပေ×၇၅ပေ နှစ်ထပ်သွပ်မိုး၊ အုတ်တိုက်၊ လုံးချင်း(၁)လုံး
၁၄	အမှတ် ၂၁၁၊ အလုံလမ်း၊ (မြေနှင့်အဆောက်အအုံ ၃ လုံး)	ပေ၂၆၀×ပေ၁၇၀	ပေ၈၀×ပေ၄၀ နှစ်ထပ်သွပ်မိုး၊ အုတ်ညှပ်+ပျဉ်ကာ လုံးချင်း(၁)လုံး ၄၈ပေ×ပေ၂၀(၄)ခန်းတွဲ တစ်ထပ် ဆ/ဦ(၁)လုံး ပေ၄၀×ပေ၂၀(၄)ခန်းတွဲ တစ်ထပ် ဆ/ဦ(၁)လုံး
၁၅	အမှတ် ၂၁၅၊ အလုံလမ်း၊ (မြေနှင့်အဆောက်အအုံ ၂ လုံး)	ပေ၂၀၀×ပေ၁၈၀	ပေ၉၀×ပေ၆၀နှစ်ထပ်သွပ်မိုး၊ ပျဉ်ကာ၊ လုံးချင်း(၁)လုံး ပေ၅၀×၁၅ပေ ၄ခန်းတွဲ(၁)ထပ် သွပ်မိုး၊ ပျဉ်ကာ ဆ/ဦ(၁)လုံး
၁၆	အမှတ် ၂၃၁၊ အလုံလမ်း၊ မြေနှင့်အဆောက်အအုံ ၃လုံး	ပေ၂၅၀×ပေ၂၅၀	၉၂ပေ×၆၂ပေ RC နှစ်ထပ်လုံးချင်း(၁)လုံး ၃၂ပေ×၁၆ပေ နှစ်ထပ်သွပ်မိုး၊ အုတ်ကာ၊ ဆ/ဦ(၁)လုံး ၄၁ပေ×၃၆ပေ(၁)ထပ်သွပ်မိုး၊ အုတ်ညှပ် ဆ/ဦ(၁)လုံး
၁၇	အမှတ် ၆၉၊ ဗဟိုလမ်း၊ (မြေနှင့်အဆောက်အအုံသုံးလုံး)	ပေ၈၀×ပေ၂၄၀	၅၅ပေ× ၄၆ပေ နှစ်ထပ်သွပ်မိုး၊ပျဉ်ကာ၊ လုံးချင်းတစ်လုံး ၇၂ပေ× ၁၂ပေ ခြောက်ခန်းတွဲတစ်ထပ် ဆ/ဦတစ်လုံး ပေ၂၀×၁၂ပေ နှစ်ခန်းတွဲတစ်ထပ် ဆ/ဦ တစ်လုံး
၁၈	အမှတ် ၂၂၁၊ အလုံလမ်း၊ (မြေနှင့်အဆောက်အအုံသုံးလုံး)	ပေ၃၃၀×ပေ၁၆၀	၇၉ပေ×ပေ၇၀ နှစ်ထပ်သွပ်မိုး၊ အုတ်ညှပ်၊ ပျဉ်ကာလုံးချင်းတစ်လုံး ပေ ၄၀×၂၈ ပေ တစ်ထပ်သွပ်မိုး၊ ပျဉ်ကာ ဆ/ဦတစ်လုံး ပေ ၂၀×ပေ၂၀ တစ်ထပ်သွပ်မိုး၊ ပျဉ်ကာ ဆ/ဦတစ်လုံး
	ဗိုလ်တထောင်မြို့နယ်		
၁၉	အမှတ် ၅၈/၆၀၊ကမ်းနားလမ်း၊ ဗိုလ်အောင်ကျော်လမ်းနှင့် ၄၁ လမ်းကြား၊ အဆောက်အအုံတစ်လုံး	ပေ၁၀၀×ပေ၁၀၀	ပေ၁၀၀×ပေ၁၀၀ သွပ်မိုး၊ အုတ်ကာ တစ်ထပ်ဆ/ဦတစ်လုံး
၂၀	အမှတ် ၁၆၂/၁၆၄၊ ၄၉ လမ်း အဆောက်အအုံတစ်လုံး	စတုရန်းပေ၂၉၀၀	ပေ၅၀×၅၈ပေ RC နှစ်ခန်းတွဲ သုံးထပ်တိုက်တစ်လုံး
၂၁	အမှတ် ၂၂/၃၂၊ ကမ်းနားလမ်း၊ အဆောက်အအုံတစ်လုံး	ပေ၁၀၀×ပေ၁၂၀	၁၀၀ပေ×၁၁၅ပေ ဆ/ဦ တစ်လုံး
၂၂	အမှတ် ၁၉/၂၁၊ ၄၅ လမ်း အဆောက်အအုံတစ်လုံး	ပေ ၆၀×ပေ၆၀	ပေ၅၀×၅၈ပေ နှစ်ထပ် ဆ/ဦတစ်လုံး
၂၃	အမှတ် ၂၃၀၊ မဟာဗန္ဓုလလမ်း မြေနှင့်အဆောက်အအုံတစ်လုံး	၀.၁၄၅ဧက	၉၆ပေ×၆၆ပေ သုံးထပ် ဆ/ဦတစ်လုံး
၂၄	အမှတ် ၃၄၆၊ ကုန်သည်လမ်း (မြေနှင့်အဆောက်အအုံသုံးလုံး)	၀.၁၄၁၇ဧက	၃၆ပေ×၄၂ပေ+၅၇ပေ×၁၄ပေ ဆ/ဦတစ်လုံး ၂၇ပေ×၂၁ပေ ဆ/ဦတစ်လုံး ၅၇ ပေ×၁၄ပေ ဆ/ဦတစ်လုံး
	ကျောက်တံတားမြို့နယ်		
၂၅	အမှတ်၃၆၅/၃၆၇၊ ဗိုလ်အောင်ကျော်လမ်း အဆောက်အအုံတစ်လုံး	ပေ၁၀၀×ပေ၆၀	ပေ၁၀၀×ပေ၆၀ လေးထပ် ဆ/ဦတစ်လုံး
၂၆	အမှတ် ၃၇၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း အဆောက်အအုံတစ်လုံး	၁၆၄ ပေ×ပေ၆၀	၁၆၄ပေ×ပေ၆၀ သုံးထပ်ဆ/ဦတစ်လုံး
၂၇	အမှတ် ၃၀၀/၃၀၂၊ ဆိပ်ကမ်းသာလမ်း အဆောက်အအုံတစ်လုံး	၅၇·၆ပေ×ပေ၅၀	၅၄ပေ×ပေ၅၀RC လေးထပ် ဆ/ဦတစ်လုံး
၂၈	အမှတ် ၂၇၉/၂၈၁၊ ၃၉ လမ်း အဆောက်အအုံတစ်လုံး	ပေ၄၀×ပေ၄၀	ပေ၄၀×ပေ၄၀ RC ခြောက်ထပ် ဆ/ဦ တစ်လုံး
၂၉	အမှတ်၂၉၀/၂၉၈၊ ဆိပ်ကမ်းသာလမ်း၊ အဆောက်အအုံတစ်လုံး	ပေ၆၀×ပေ၁၀၀	ပေ၆၀×ပေ၁၀၀ RC လေးထပ် ဆ/ဦတစ်လုံး
၃၀	အမှတ် ၂၆၅/၂၆၉၊ ဗိုလ်ချုပ်လမ်း အဆောက်အအုံတစ်လုံး	၅၇·၆ပေ×ပေ၅၀	၅၅ပေ×၄၂ ပေ RC ခြောက်ထပ်ဆ/ဦတစ်လုံး
၃၁	အမှတ် ၃၆၊ မဟာဗန္ဓုလပန်းခြံလမ်း အဆောက်အအုံတစ်လုံး	၀.၁၄ဧက	၁၀၄ပေ×၅၂ပေ RC ၁၁၅ပေ×၅၆·၃ပေ သုံးထပ် ဆ/ဦတစ်လုံး
၃၂	အမှတ် ၁၀၂၊ ၃၉ လမ်း အဆောက်အအုံတစ်လုံး	ပေ၅၀×၂၅ပေ	ပေ၅၀×၂၅ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း သုံးထပ်တိုက်၊ တိုက်တစ်လုံး
	အင်းစိန်မြို့နယ်		
၃၃	အမှတ်၁၁၀၊မင်းကြီးလမ်း၊ ဘိုကုန်းရပ် မြေနှင့်အဆောက်အအုံသုံးလုံး	၂.၂၇၄ဧက	၉၁ပေ×၄၃ပေ နှစ်ထပ်တိုက်တစ်လုံး ၅၃ပေ×၄၅ပေ တစ်ထပ်တိုက်တစ်လုံး ၄၃ပေ×၄၅ပေ တစ်ထပ်တိုက်တစ်လုံး
၃၄	ဘုရင့်နောင်လမ်းမကြီး၊ အနောက်ကြို့ကုန်း စက်မှုလယ်ယာဦးစီးဌာနရုံးချုပ် မြေနှင့်အဆောက်အအုံလေးလုံး	၁.၄၃၄၇ဧက	ပေ၁၈၀×၁၀၈ပေ သုံးထပ်တိုက် ဆ/ဦတစ်လုံး ၄၃ပေ×၃၆ပေ နှစ်ထပ်လုံးချင်းတစ်လုံး ၄၈ပေ×၄၆ပေ နှစ်ခန်းတွဲ သုံးထပ်တိုက် ၄၈ပေ×၂၂ပေ နှစ်ခန်းတွဲသုံးထပ်တစ်လုံး
၃၅	ဘုရင့်နောင်လမ်းမကြီး မြေအသုံးချရေးဌာနခွဲရုံးချုပ် မြေနှင့်အဆောက်အအုံခုနစ်လုံး	၁၁.၆၁၃ဧက	ပေ၁၅၀×ပေ၃၀ နှစ်ထပ်တိုက်တစ်လုံး ပေ၁၀၀×ပေ၃၀ နှစ်ထပ်တိုက်တစ်လုံး ပေ၈၀×ပေ၃၀ နှစ်ထပ်တိုက်တစ်လုံး ပေ၄၀×ပေ၆၀ တစ်ထပ်တိုက်နှစ်လုံး ၇၅ပေ×၃၆ပေ ငါးခန်းတွဲတစ်ထပ် အဆောက်အအုံနှစ်လုံး
	ရန်ကင်းမြို့နယ်		
၃၆	စိမ်းလဲ့မေရိပ်သာလမ်းသွယ် ကမ္ဘာအေးဘုရားလမ်း မြေနှင့်အဆောက်အအုံငါးလုံး	၆.၆၅၆ ဧက	၁၁၇ပေ×၁၁၇ပေ သုံးထပ်တိုက်တစ်လုံး ၁၈၇ပေ×၁၂ပေ သုံးထပ်တိုက်တစ်လုံး ၁၄၄ပေ×၁၃၉ပေ နှစ်ထပ်တိုက်တစ်လုံး ၉၂ပေ×၃၈ပေ တစ်ထပ်တိုက်တစ်လုံး ပေ၉၀×ပေ၂၀ နှစ်ထပ်တိုက်တစ်လုံး
	လှိုင်မြို့နယ်		
၃၇	အမှတ် ၃၂-ဒီ၊ ဖမိုင်ခွဲ၊ ပြည်လမ်း၊ (၁၁)ရပ်ကွက် မြေနှင့်အဆောက်အအုံလေးလုံး	၀·၅၂၁ ဧက	ပေ၉၀·၆ပေ× ၃၃·၆ပေရှိ ပျဉ်ခင်း၊ သစ်သားဆောင်တစ်လုံး ၁၉ပေ×၁၂·၆ပေရှိ RC ရေစက်ရုံတစ်လုံး ပေ ၃၀×၃၃·၉ပေရှိ RC ဂိုဒေါင်တစ်လုံး ၁၉ပေ×၁၂·၆ပေရှိ RC တစ်ထပ် ဧည့်ရိပ်သာတစ်လုံး
၃၈	အမှတ် ၁၊ မယ်ဇီကုန်းလမ်းနှင့် သုခလမ်းဆုံ၊ (၇)ရပ်ကွက် မြေနှင့်အဆောက်အအုံတစ်လုံး	ပေ၁၀၀×ပေ၈၀	နှစ်ထပ်တိုက်တစ်လုံး
၃၉	အမှတ် ၇၄၊ ကန်လမ်း၊ (၁၀)ရပ်ကွက်၊ မြေနှင့်အဆောက်အအုံတစ်လုံး	၀·၃၁၁ ဧက	၇၅ပေ×၃၆ပေရှိ နှစ်ထပ်တိုက်ခံ ပျဉ်ထောင်တစ်လုံး
	ပုဇွန်တောင်မြို့နယ်		
၄၀	အမှတ်၇၇၊ ၅၂လမ်း၊ (အဆောက်အအုံတစ်လုံး)	ပေ၁၀၀×၆၇ပေ	ပေ၁၀၀×၆၆.၆ပေ လေးထပ်အဆောက်အအုံတစ်လုံး
၄၁	အမှတ်(၄၄/၆၆)၊ တာဝတိံသာလမ်း၊ (အဆောက်အအုံတစ်လုံး)		ပေ၁၅၀×ပေ၆၀ ပေ၁၅၀×ပေ၆၀ RCနှစ်ထပ်ဂိုဒေါင်တစ်လုံး
၄၂	အမှတ်(၄၅၅/၄၅၇)၊ အောက်ပုဇွန်တောင်လမ်း၊ (မြေနှင့်အဆောက်အအုံတစ်လုံး)	၅၃ပေ×ပေ၇၀	နှစ်ခန်းတွဲ နှစ်ထပ်တိုက်တစ်လုံး
၄၃	အမှတ်၄၄၊ သိမ်ဖြူလမ်း၊ (မြေနှင့်အဆောက်အအုံနှစ်လုံး)	၁.၀၈ဧက	၁၂၈ပေ×ပေ၆၀ RCသုံးထပ်တိုက်တစ်လုံး ပေ၁၃၀×၅၅ပေ RCသုံးထပ်တိုက်တစ်လုံး
၄၄	အမှတ်၃၆၊ သိမ်ဖြူလမ်း၊ (အဆောက်အအုံနှစ်လုံး)	၆.၈၁ဧက	၈၈ပေ×၈၈ပေ RCသုံးထပ်တိုက်တစ်လုံး ပေ၁၃၀×၆၅ပေ RCသုံးထပ်တိုက်တစ်လုံး
၄၅	ရန်ကုန်မြို့၊ ပုဇွန်တောင် မြို့နယ်၊ ပိတောက်လမ်းနှင့် ကမ်းနားလမ်းထောင့်၊ ငါးအရောင်းဆိုင်၊ သွပ်မိုး၊သွပ်ကာ		ပေ၃၀×ပေ၂၀ မြေစိုက်အဆောက်အအုံ(၁)
	မရမ်းကုန်းမြို့နယ်		
၄၆	အမှတ်၃၂၊ကုန်းမြင့်ရိပ်သာလမ်း၊ (မြေနှင့်အဆောက်အအုံရှစ်လုံး)	၂.၅၄၈ဧက	ဝန်ထမ်းအိမ်ရာရှစ်လုံး
၄၇	အမှတ်၅၆၊ ကမ္ဘာအေး ဘုရားလမ်း၊ (မြေနှင့်အဆောက်အအုံသုံးလုံး)	၁.၁၃၃ဧက	လေးထပ်အဆောက်အအုံတစ်လုံး တစ်ထပ်အဆောက်အအုံနှစ်လုံး
၄၈	အမှတ်၂၆၊အင်းလျားရိပ်သာလမ်း၊ (မြေနှင့်အဆောက်အအုံတစ်လုံး)	၀.၀၇ဧက	သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်အဆောက်အအုံတစ်လုံး
	တောင်ဥက္ကလာပမြို့နယ်		
၄၉	ရတနာလမ်းနှင့်ဝေဇယန္တာ လမ်းထောင့် (မြေနှင့်အဆောက်အအုံနှစ်လုံး)	၀.၅၉၇ဧက	ပေ၁၂၀×ပေ၅၀တစ်ထပ် အဆောက်အအုံတစ်လုံး ၂၃ပေ×ပေ၅၀တစ်ထပ် အဆောက်အအုံတစ်လုံး
၅၀	အမှတ်၈၁၊ ရတနာလမ်း၊ (၈)ရပ်ကွက်၊ (မြေနှင့်အဆောက်အအုံတစ်လုံး)	ပေ၁၅၀×ပေ၁၀၀	ပေ၈၀×ပေ၄၀ သိုလှောင်ရုံတစ်လုံး
၅၁	အမှတ်(၄၄/၄၈)၊ ဝေဇယန္တာလမ်း၊ (မြေနှင့်အဆောက်အအုံတစ်လုံး	၂၈၂ပေ×၁၀၉ပေ	RC နှစ်ထပ်တိုက်နှစ်လုံး RC တစ်ထပ်တိုက်သုံးလုံး
	ဒဂုံမြို့နယ်		
၅၂	အမှတ်၂၊ မော်ကွန်းတိုက်လမ်း၊ (မြေနှင့်အဆောက်အအုံတစ်လုံး)	၁၀၅ပေ×၉၅ပေ	၁၀၅ပေ×၉၅ပေ နှစ်ထပ်တိုက်တစ်လုံး
၅၃	အမှတ်၃၆၊ ပြည်လမ်း၊ မြေနှင့်အဆောက်အအုံသုံးလုံး	ပေ၂၁၀×၁၂၇ပေ	ပေ၅၀×ပေ၄၀ နှစ်ထပ်၊ သွပ်မိုး အုတ်ညှပ်၊ပျဉ်ကာလုံးချင်းတစ်လုံး ၂၆ပေ×ပေ၂၀ နှစ်ခန်းတွဲတစ်ထပ်၊ သွပ်မိုး၊ ပျဉ်ကာ အဆောက်အအုံတစ်လုံး ၃၅ပေ×ပေ၂၀ နှစ်ခန်းတွဲတစ်ထပ် သွပ်မိုး၊ ပျဉ်ကာအဆောက်အအုံတစ်လုံး
